

ပုံနှိပ်သူ

နှံ့သာတိုက်၊ ၁၃၊ ၁၀၇ လမ်း၊ ဘောင်ညွန့်၊ ရန်ကုန်။ ဖုန်း ၁၂၀၀၂

၁၊ အောက်တိုဘာ ၁၉၆၉
စောင်ရေ ၁၀,၀၀၀
ဈေးနှုန်း ၇၅ ပြား

[နိုင်ငံရေးဆိုင်ရာ ပုံနှိပ်ထုတ်ဝေခွင့်အမှတ် ၄၃၃]

ဦးသန်းဆွေ၊ နံ့သာပုံနှိပ်လုပ်ငန်း (၀၂၀၅)၊ ၁၃၊
၁၀၇ လမ်း၊ တောင်ဥက္ကလာ၊ ရန်ကုန်က တာဝန်ခံ
ပုံနှိပ်၍ ဦးလှမျိုး၊ လှရိုးစာပေ (၀၆၇၃)၊ ၇၊
သိပ္ပံလမ်း၊ အလုံ၊ ရန်ကုန်မှ ထုတ်ဝေသည်။

ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ စာတမ်းအပေါ် ဝေဖန်ချက်

သိန်းဖေမြင့်

ပါဝင်သော အကြောင်းအရာများ

၁။ နိဒါန်းမှ သမိုင်းအမြင် ၁
၂။ ကျွန်တော်ကို အာဏာပြန်အပ်ပါ ၆
၃။ ၂၂ ဦးနှင့် ပြည်တွင်းညီညွတ်ရေး ၁၃
၄။ ဒီမိုကရေစီ ဆိုရှယ်လစ်နှင့် ဆိုရှယ်လစ် ဒီမိုကရေစီ ၁၈
၅။ မြေလေးချောင်းထောက် စီးပွားရေးစနစ် ၃၃
၆။ ၁၁ ဦး၏ အစီရင်ခံစာ ၄၃

နိဒါန်းမှ သူတို့၏ သမိုင်းအမြင်

နိုင်ငံရေးပုဂ္ဂိုလ်ကြီး ၃၃ ဦးဖြင့် ဖွဲ့စည်းခဲ့တဲ့ ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့က တော်လှန်ရေးကောင်စီသို့ အစီရင်ခံစာ တင်သွင်းလိုက်တယ်။ ထိုအစီရင်ခံစာကို ပြည်သူလူထုများ လေ့လာပြီး ဝေဖန် ဆွေးနွေးကြရအောင် သတင်းစာများမှာ ပုံနှိပ်ထုတ်ဝေလိုက်ပြီ ဖြစ်တယ်ဗျာ။

သို့ကလို ပုံနှိပ်ထုတ်ဝေလိုက်ခြင်းဟာ ပြည်သူလူထုကို နိုင်ငံရေး ပညာပေးရေးအတွက် များစွာ ထိရောက် အထောက်အကူ ဖြစ်ပါလိမ့်မယ်။

ဒီ အစီရင်ခံစာကို တင်သွင်းနိုင်ဘို့အတွက် ကျွန်တော်တို့ရဲ့ လုပ်ဖော် ကိုင်ဘက်ဟောင်း မိတ်ဆွေကြီးများဟာ စေတနာ အထူးထားပြီး ကြိုးစားခဲ့ကြရတယ်။ ကြီးမားသောလုံ့လဉဿာဟ စိုက်ထုတ်ပြီး အစည်းအဝေး ၉၃ ကြိမ်တိုင်တိုင် ထိုင်ခဲ့ကြရတယ်။ တိုင်းပြည်အတွက် ကောင်းမယ်ထင်တဲ့ အကြံဉာဏ်များကို သူတို့ ပေးလိုက်ကြပါတယ်။ ဒါကြောင့်လဲ ဗိုလ်ချုပ်ကြီးနေဝင်းက သူတို့ကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်စေခြင်း ဖြစ်ပါတယ်။ ကျွန်တော်လဲ ဒီနေရာကနေပြီး မှတ်တမ်းတင်လိုက်ပါရစေ။

သူတို့အစီရင်ခံစာမှာ ဝေဖန် ဆွေးနွေးစရာ အချက်တွေကလဲ အများသားကလားဗျာ။ အချက်တိုင်းကို ဝေဖန် ဆွေးနွေးရင်

ရက်ပေါင်းများစွာ ကြာသွားမှာမို့ အချုပ်သော အချက်ကြီးများကိုသာ ဝေဖန် ဆွေးနွေးပါရစေဗျာ။

အစီရင်ခံစာရဲ့ နိဒါန်းမှာ သမိုင်းကြောင်း ပြန်ထားတာပါတယ်။ 'မြန်မာနိုင်ငံသည် သမိုင်းဖြစ်စဉ်အရ နိမ့်တုံ မြင့်တုံဖြစ်ခဲ့ရသော်လည်း ကိုယ့်မင်းကိုယ့်ချင်းနိုင်ငံဘဝဖြင့် နှစ်ပေါင်းတထောင်ကျော် တည်နေခဲ့ပုံ၊ ဗြိတိသျှနယ်ချဲ့လက်အောက်မှာ နှစ်ပေါင်း ၁၀၀ မျှ ကိုလိုနီကျွန်ဖြစ်ခဲ့ရပုံ၊ ပြည်သူလူထုတွေက စည်းလုံး ညီညွတ်ပြီး လွတ်လပ်ရေးတိုက်ပွဲတွေ ဆင်နွှဲကြခြင်းကြောင့် လွတ်လပ်သော အချုပ်အချာအာဏာပိုင် ဖြစ်လာရပုံ၊ ထို့နောက် အကြောင်းအမျိုးမျိုးကြောင့် အမျိုးသားညီညွတ်ရေး ပျက်ပြားကာ အချင်းချင်း ဂိုဏ်းဂဏ တိုက်ပွဲများ ဆင်နွှဲနေစဉ် အပ ပယောဂများဝင်လာပုံ' စသည်ဖြင့် သမိုင်းကြောင်းပြန်ထားတယ်။ နောက်ပြီး အောက်ပါအတိုင်း ဆက်ထားတယ်ဗျ။

"(၉)အကြောင်းအမျိုးမျိုးတို့ကြောင့် ပြည်ထောင်စုကြီး၌ ဆုံးရှုံးနေသော အမျိုးသားညီညွတ်ရေးကို ပြန်လည် ကယ်တင်ခြင်း မပြုနိုင်ဘဲ ရှေ့အဖို့တွင် ကာလအတန်ကြာ ဆက်လက် ဆုံးရှုံးနေရဦးမည် ဖြစ်ပါက နောင်လာ နောက်သား၊ သားစဉ်မြေးဆက်တို့၏ ဘဝကံကြမ္မာမှာ မတွေးဝံ့အောင် ဖြစ်ရပေတော့မည်။ နှစ်ပေါင်းများစွာ ပြည်သူတို့၏အသက်သွေးများဖြင့် သွန်းလောင်း ပူဇော်ခဲ့ရသော နိုင်ငံရေးအချုပ်အချာအာဏာ တည်မြဲမှုသည်ပင်လျှင် လက်လွတ် ဆုံးရှုံးရပေတော့မည်။

(၁၀) ဤသို့သော တိုင်းပြည်၏ နိုင်ငံရေး ကံကြမ္မာကို အလေးအနက် တွေ့မြင်သိရှိနေသော မြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းသည် အဖိုးတန်လှသော အမျိုးသားညီညွတ်ရေးကို ပြန်လည်ထူထောင်ရန်အတွက် ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် နိုင်ငံရေး ခေါင်းဆောင် ၃၃ ဦးတို့အား အမှတ် ၁၆ ဝင်ဒါမီယာ ဧည့်ဂေဟာသို့ ဖိတ်ကြားလျက် ပြည်ထောင်စု မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသော လုပ်ငန်း တာဝန်များအတွက် အကြံကောင်း၊ ဉာဏ်ကောင်းများကို စုပေါင်း ဆွေးနွေးကြ၍ အကြံပေးကြပါရန် မေတ္တာရပ်ခံခဲ့ပါသည်"တဲ့ဗျ။

ဆိုလိုတာကတော့ ဗိုလ်ချုပ်ကြီးနေဝင်းဟာ ပြည်ထောင်စုမြန်မာနိုင်ငံ မပြိုကွဲရေး၊ တိုင်းပြည် ပြန်လည် စည်းလုံးရေးကို ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့ကျမှ လုပ်တော့တယ်။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တုန်းက လုပ်ခဲ့ခြင်း မဟုတ်ဖူး။ သူတို့နိဒါန်းဟာ သမိုင်းမှတ်တိုင်ကြီး တခုလုံးကို ကျော်သွားတယ်၊ သို့မဟုတ် မမြင်ယောင် ဆောင်သွားတယ်။

ပြည်သူအများ နားလည်နေတာက ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မတိုင်မီက အခြေအနေဟာ နိုင်ငံရေး၊ လူမှုရေး၊ သဘောတရားရေး၊ ပါတီရေး၊ အဖွဲ့အစည်းရေး၊ လူမျိုးရေး အကွဲအပြဲများရဲ့ အထွတ်အထိပ်ဖြစ်တယ်။

တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာ သိမ်းပိုက်လိုက်ခြင်းအားဖြင့် ထိုအခြေအနေဆိုးကို ရပ်တန်းက ရပ်စေခဲ့

ထက် ပိုမမြင်နိုင်ရှာသူကတော့ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ဦးနု ဖြစ်ပါတယ်။ ဒါဟာ ပိုဝမ်းနည်းစရာ ကောင်းပါတယ်။

ခုတော့(နောက်ဆုံးသတင်းများအရ)ဦးနုဟာ နိုင်ငံရေးမှ အနားယူတော့မယ်၊ ဗုဒ္ဓဂါယာမှာ ဘုန်းကြီးဝတ်ပြီး သာသနာပြုတော့မယ် စသည်ဖြင့် ကျေညာလိုက်ပါပြီ။ တကယ်တော့ ဒီကျေညာချက်ဟာ တော်တော် နောက်ကျတယ်။ ဦးနုဟာ ၁၉၆၀ ပြည့်နှစ်တုန်းက ပထစအစိုးရအဖြစ်ဖြင့် ပြန်တက် လာလာချင်း ၁၉၆၄ ခုနှစ်ကျရင် မုချ ဗုဒ္ဓဂါယာသွားပြီး ဘုန်းကြီးဝတ်ကာ သာသနာပြုတော့မယ်လို့ ကျေညာခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်ကတောင် ဦးနု ဝန်ကြီးချုပ်အဖြစ်က နှုတ်ထွက်ပြီး ဘုန်းကြီး ဝတ်ဖြစ်အောင်ဝတ်ပါလို့ ဆောင်းပါးရေး ဘေးတီးခဲ့သေးတယ်။ ဒါ့ကြောင့် ခုမှ ကျေညာတာ နောက်ကျတယ်လို့ ပြောခြင်း ဖြစ်ပါတယ်။ သူ နိုင်ငံရေးမှ အနားယူပြီး ဘုန်းကြီးဝတ်တော့မယ်ဆိုလို့ ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့မှာ သူတင်သွင်းတဲ့ ‘အာဏာပြန်အပ်ပါ’ ဆိုတဲ့စာကို ဝေဖန်ရမှာ လက်တုန့်သွားတယ်ဗျာ။ သို့ပေမယ့် သူ့စာကို ပြည်သူ့ရှေ့မှာ တင်ပြလိုက်ပြီးပြီမို့ မဝေဖန်လို့မဖြစ်ဖူး။ သူ့ကို နိုင်ငံရေးမှ နှုတ်ဆက်တဲ့အနေနှင့် ဝေဖန်ဦးမှ ဖြစ်မယ်ဗျာ။

ကျွန်တော့်ကို အာဏာပြန်အပ်ပါ

၁၉၆၈ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့မှာ ဦးနုက ‘ကျွန်တော့်ကို အာဏာပြန်အပ်ပါ’ဆိုတဲ့ စာတန်းကို ပြည်တွင်း ညီညွတ်ရေးအဖွဲ့သို့ တင်ပြခဲ့ပါတယ်။ဒီစာတန်းကို တော်လှန်ရေး

အစိုးရက တိုင်းပြည်သို့တဆင့် တင်ပြလိုက်တဲ့အတွက် ပြည်သူတရပ်လုံးဟာ လေ့လာဝေဖန် ဆွေးနွေးခွင့်ရသွားကြတယ်။သည့်ပြင်လူမပြောနှင့်၊ ကျွန်တော်တို့အိမ်က မီးဖိုချောင်မန်နေဂျာ မလှရီတောင် ဗဟန်းဈေးမှာ ဆွေးနွေးခဲ့ရပါပြီဗျာ။

မနေ့က ဆောင်းပါးမှာ ကျွန်တော်က ဆိုထားတယ်။ဦးနုဟာ သမိုင်းအမြင် ချွတ်ယွင်းနေတယ်။ သမိုင်းရဲ့တကယ့်အရှိ၊ တကယ့်အဖြစ်များကို မမြင်နိုင်ဖြစ်နေတယ်။ သို့မဟုတ် မမြင်ချင်ယောင်ဆောင်နေတယ်။ သို့မဟုတ် ဖုံးကွယ်နေတယ်။

သူ့အခြေအနေ သုံးသပ်ချက်က အောက်ပါအတိုင်း ဖြစ်တယ်။

> “ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ စီးပွားရေး၊ ငွေရေးကြေးရေး၊ လူမှုဖူလုံရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာများသည် ပြည်ထောင်စု၏ လွတ်လပ်ရေးနှင့် တည်တံ့ ခိုင်မြဲရေးတို့အား ပြိုကွဲကျဆုံးသည့်ဘဝသို့ မရောက် ရောက်အောင် တနေ့တခြား ပိုမိုတိုးတက် ပြင်းထန်စွာ တွန်းပို့လျက် ရှိသည်ဟု ကျွန်တော် မမိုတ်မသုန် ယုံကြည်သည်”တဲ့ဗျ။

မနေ့က ကျွန်တော်ရေးခဲ့တဲ့အတိုင်း သူတို့ဟာ မြန်မာ့နိုင်ငံရေးသမိုင်းမှာ တော်လှန်ရေးကောင်စီရဲ့ အခန်းကဏ္ဍကို လုံးဝချန်ထားလိုကြတယ်။ တော်လှန်ရေးကောင်စီက အာဏာ သိမ်းပိုက်လာလို့ တမျိုးသားလုံးချီပြီး ရရှိခဲ့တဲ့ အခြေခံတိုးတက်မှုနှင့် ရေရှည်အကျိုးစီးပွားများကို လုံးဝမေ့ထားလိုက်ကြတယ်။ မေ့ထားလိုက်ရုံမက တော်လှန်ရေးအစိုးရလက်ထက်မှာ အခြေအနေ

တွေဟာ ပိုဆိုးလာတယ်။ မဖြေရှင်းနိုင်သော အခက်အခဲများနှင့် ရင်ဆိုင်နေရတယ်။ပြိုကွဲကျဆုံးသည့်ဘဝသို့ မရောက် ရောက်အောင် တနေ့တခြား တိုးတက်ပြင်းထန်စွာ တွန်းပို့လျက် ရှိတယ်စသည်ဖြင့် ထင်မြင်ယူဆနေကြတယ်။ သူတို့ဟာ ပြိုကွဲပျက်စီးခြင်းကို ဗျာဒိတ်ပေးနေသူများ ဖြစ်ကြတယ်။

ဦးနုက 'ပြိုကွဲပျက်စီးခြင်း' ကို ဗျာဒိတ်ပေးပြီးနောက် ထိုအခြေအနေဆိုးမှ ထွက်ပေါက်(တခုတည်းသော ထွက်ပေါက်၊ မလွှဲမရှောင်သာသောထွက်ပေါက်)အဖြစ်ဖြင့် အမျိုးသား အစိုးရအဖွဲ့တဖွဲ့ကို ချက်ချင်း ဖွဲ့ရန် လမ်းပြဆောင်လိုက်ပါတယ်။('ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်ပါမည်× × ×နဂါးနီတန်ခိုးနှင့် အမျိုးဂုဏ်တက်စေမည်'ဆိုတဲ့ သီချင်းကို သတိ ရမိသေးဗျာ)။

ဦးနုရဲ့စာတမ်းမှာ အမျိုးသားအစိုးရအဖွဲ့တဖွဲ့ ဖွဲ့စည်းရန် ဆိုတာသာ ပါတယ်။ အဲဒီအစိုးရအဖွဲ့က ဘာတွေလုပ်မယ်၊ ဘယ်လမ်းစဉ် ချမှတ်မယ်၊ အခက်အခဲ အကြပ်အတည်းတွေ ဘယ်လိုဖြေရှင်းမယ်ဆိုတာ ဘာမျှ မဖော်ပြထားဘူး။ ဖွဲ့သာ ဖွဲ့ပေးလိုက်၊ အမျိုးသားအစိုးရအဖွဲ့က ကြည့်လုပ်သွားလိမ့်မယ် ဆိုတာမျိုးဖြစ်တယ်ခင်ဗျ။

ဦးနုဟာ အဲဒီအစိုးရက ဘာတွေလုပ်ရမယ်၊ အခက်အခဲတွေကို ဘယ်လိုဖြေရှင်းမယ်၊ ဘယ်လမ်းစဉ်ကို ချမှတ်မယ် စတဲ့ ပြဿနာတွေကိုလဲ စိတ်ဝင်စားဟန် မရှိပါဘူး။ အမျိုးသားအစိုးရ ချက်ချင်း ဖွဲ့ရေးအစီအစဉ်ကို တင်ပြပြီးနောက် အစည်းအဝေးကို မတက်တော့ဘူးဗျာ။

ဦးနုအဆိုပြုတဲ့ အမျိုးသားအစိုးရဟာ လူကြိုက်များသောအစိုးရ၊ လူကြည်ညိုများသောအစိုးရ၊ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် အစိုးရဖြစ်လာအောင် ပထမဆုံးအဆင့် လုပ်ရမှာက တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို သူ့လက် ပြန်အပ်ရန် ဖြစ်တယ်။

> "ဤသို့တော်လှန်ရေးအစိုးရဘဝမှ ပြည်သူလူထုအစိုးရဘဝသို့ ပြောင်းလဲမည်ဆိုလျှင် ဗိုလ်ချုပ်ကြီးနေဝင်းက ကျွန်တော့်အား အာဏာ ပြန်အပ်ရန် ဆိုသောအချက်သည် အလွန်အရေးကြီးသော အဓိကအချက် ဖြစ်သည်။ မလုပ်လျှင် မဖြစ်သော အချက်ဖြစ်သည်ဟု ကျွန်တော် မမှိတ်မသုန် ယုံကြည်သည်။
>
> "အာဏာကို ပြန်၍မအပ်မချင်း တော်လှန်ရေးအစိုးရ အဖွဲ့ဝင်များသည် အာဏာသိမ်းသွားသူများသာ ဖြစ်နေလိမ့်မည်။ မည်သည့်အသွင်သစ်၊ မည်သည့်ပုံသဏ္ဌာန်သစ်ကို ဆောင်ယူစေကာမူ တော်လှန်ရေးအစိုးရအဖွဲ့ဝင်များသည် အာဏာ သိမ်းသွားသူများသာ ဖြစ်နေလိမ့်မည်။ ပြည်သူလူထုကလည်း ၎င်းအတိုင်း မြင်နေပေလိမ့်မည်။ အာဏာကို ပြန်အပ်လိုက်သည်နှင့် တပြိုင်နက် တော်လှန်ရေးအစိုးရ အဖွဲ့ဝင်များသည် အာဏာသိမ်းသွားသူများအဖြစ်မှ တပါတည်း ရပ်စဲသွားမည်"တဲ့ဗျ။

အတော်ဆိုတဲ့စာ။ တော်လှန်ရေးကောင်စီက အာဏာသိမ်းပါတယ်ဆိုတာကို မသိမ်းပါဘူးလို့ ဘယ်သူက ပြောလို့တုန်း။

တော်လှန်ရေးကောင်စီက ဦးနုတို့ ပထစ လက်ထဲမှ နိုင်ငံတော်အာဏာကိုပြောင်းသိမ်းပြီး ပြောင်းပြောနေတာဘဲ။ ဘယ်တုန်းကမှ မဖုံးဘူး။ လူထုကို မလိမ်ခဲ့ပါဘူး။ ဘာ့ကြောင့် အာဏာသိမ်းတယ်၊ ဘာလုပ်မယ်လို့ အာဏာသိမ်းတယ်၊ ဘယ်လူတန်းစားတွေအကျိုးငှာ အာဏာသိမ်းတယ် စသည်ဖြင့် ဝှက်ဖဲတချပ်မှ မပါဘဲ ပြောနေတာဘဲ။ ဒါကို ဦးနုက ဖုံးကွယ်ဘို့ အကြံပေးနေတယ်။ အာဏာသိမ်းအစိုးရလို့ လူထုက မထင်မမြင်အောင်၊ သို့ကလို မထင်မမြင်ကြလို့မို့ လူထုက ကြည်ညိုလာအောင် လူထုကို လှည့်ဖြားဘို့ ဦးနုက နည်းလမ်းများပေးနေတယ်။ သူ့ကို အာဏာ ပြန်အပ်လိုက်လျှင် တော်လှန်ရေးအစိုးရဟာ သဘောထားကြီးမှု၊ အမြင်ကျယ်မှု၊ နိုင်ငံနှင့်လူမျိုးကောင်းစားလိုမှုတို့ကို ဖော်ပြသလိုဖြစ်သွားလိမ့်မယ်တဲ့ဗျာ။

ဦးနုလက်ထဲကို အာဏာပြန်အပ်။ ဦးနုက ပါလီမန် ပြန်ခေါ်။ ဦးနုအစိုးရ ပြန်ဖွဲ့။ တော်လှန်ရေးအစိုးရ ပြုမိသမျှ အပြစ်များကို သင်ပုန်းချေပစ်။ ဗိုလ်ချုပ်ကြီးနေဝင်းကို အမှုဆောင်သမတတင်။ ဗိုလ်ချုပ်ကြီးနေဝင်းက အမှုဆောင်သမတအစိုးရဖွဲ့။ ဦးနုတို့လူစုက ဥပဒေပြုအာဏာကိုယူထား။ ဥပဒေပါရဂူကြီးတွေက တရားစီရင်ရေးကို ကိုင်ထား။ ပါတီတွေ လွတ်လပ်စွာ ဖွဲ့စည်းခွင့် ပေး။ ပြီးတော့ ပါလီမန်အထွေထွေ ရွေးကောက်ပွဲ တရစ်စီတရစ်စီ သုံးကြိမ်လုပ်ပေး။ အဲဒါတွေဟာ ဦးနုတင်ပြတဲ့ အစီအစဉ် ဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ အစိုးရကို 'ပြည်သူလူထုက ကြည်ဖြူစွာ တင်မြှောက်ထားသော အစိုးရအဖြစ်သို့ ပြောင်းလဲပေးချင်သောဆန္ဒ'ကြောင့် သို့ကလို အဆင့်ဆင့်သော အစီအစဉ်များကို အကြံပေး တင်ပြရခြင်း ဖြစ်ပါသတဲ့ဗျာ။

ဦးနုရဲ့ ဆန္ဒနဲ့ စေတနာကိုတော့ ဘယ်သူကမှ သံသယ ရှိကြမယ် မထင်ပါဘူး။ သို့သော်လဲ ဦးနုရဲ့ နိုင်ငံရေးကိုတော့ သံသယရှိလှတယ် ဗျာ။ စေတနာ ရေစီးကမ်းပြိုလိုက်ထားတဲ့ သူ့လမ်းစဉ်ကို လိုက်နာကြရင် တော်လှန်ရေးအစိုးရ လက်ထက်မှာ ပြည်ထောင်စုသမတမြန်မာနိုင်ငံနှင့် လုပ်သားပြည်သူတို့ရထားတဲ့ တိုးတက်မှုများဟာ ပြန်ပျက်ကုန်ပါလိမ့်မယ်။ အလုပ်သမားနှင့် တောင်သူလယ်သမားတို့က မြေရှင်ပဒေသရာဇ်နှင့် အရင်းရှင်စနစ်များအပေါ်မှာ အောင်မြင်မှုရထားတာတွေ ပြန်လက်လွှတ်ဆုံးရှုံးကုန်ပါလိမ့်မယ်။ ဆိုရှယ်လစ်ပန်းတိုင်သို့မရောက်ဘဲ အရင်းရှင် မြေရှင် စနစ်ဟောင်းသို့ ပြန်ရောက်သွားပါလိမ့်မယ်။ ဒီစကားတွေဟာ အပိုဆိုလိုက်တဲ့ စကားတွေ မဟုတ်ပါဘူး။ မြန်မာ့နိုင်ငံရေးသမိုင်း အတွေ့အကြုံများအရ ပြောလိုက်တဲ့စကားတွေ ဖြစ်ပါတယ်။

၁၉၄၇ ခုနှစ် ဗိုလ်ချုပ် အောင်ဆန်း ကျဆုံးကတည်းက ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့အထိ မြန်မာနိုင်ငံဟာ ဦးနုရဲ့ ခေါင်းဆောင်မှု အောက်မှာ ရှိခဲ့တယ်။ သူ့လက်ထဲမှာ အာဏာတည်ရှိခဲ့တယ်။ ခဏတဖြုတ်သာ ထိုအာဏာကို ဖဆပလ အဖွဲ့တွင်း အစီအစဉ်များအရ ဦးဗဆွေလက်ထဲသို့ တကြိမ်၊ ပါလီမန်တွင်း အစီအစဉ်များအရ ဗိုလ်ချုပ်ကြီးနေဝင်း လက်ထဲသို့ တကြိမ် လွှဲပြောင်းပေးခဲ့ပါတယ်။ သူဟာ ထိုအာဏာကို ဘယ်လူတန်းစားများအတွက် အသုံးပြုခဲ့ပါသလဲ။ ထိုအာဏာကို အလုပ်သမား၊ တောင်သူ လယ်သမားတို့ရဲ့ အာဏာအဖြစ်သို့ ပြောင်းလဲပေးရန် ကြံရွယ်ခဲ့ပါသလား။ ဟောပြောခဲ့ပါသလား။

ပြင်ဆင်ခဲ့ပါသလား။ သူမကြံခဲ့၊ မဟောပြောခဲ့၊ မပြင်ဆင်ခဲ့ပါဘူးဗျာ။

တော်လှန်ရေးကောင်စီဟာ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးပါလိမ့်မယ်။

သို့သော် တဦးဦး၊ တယောက်ယောက် လက်ထဲသို့ လွှဲပြောင်းပေးမယ့် လက္ခဏာတော့ မရှိဘူး။ လုပ်သားပြည်သူတို့လက်ထဲ၊ အလုပ်သမားနှင့် တောင်သူလယ်သမားများ လက်ထဲ တိုက်ရိုက် လွှဲပြောင်းပေးဘို့ ကြံစည်၊ ဟောပြော၊ စီစဉ်ပြင်ဆင်လျက်ရှိတယ်။ လုပ်သားပြည်သူတို့ဟာ အာဏာကို မိမိတို့ လူထုလူတန်းစား အဖွဲ့အစည်းများဖြင့် တိုက်ရိုက် ကျင့်သုံးနိုင်အောင် လေ့ကျင့်နေကြတယ်။

ဒါ့ကြောင့် ဦးနုရဲ့ 'ကျွန်တော့်ကို အာဏာပြန်အပ်ပါ'ဆိုတဲ့ စာတမ်းကို လုပ်သားပြည်သူတို့ ဘယ်နည်းနှင့်မျှ ထောက်ခံကြိုဆိုကြမယ် မဟုတ်ပါဘူး။ လုပ်သားပြည်သူတွေ မပြောနှင့်၊ ၃၃ ဦးထဲမှာ သူတို့အချင်းချင်းတောင် မထောက်ခံကြပါဘူး။ ဒါကြောင့် ဦးနုတယောက်တည်းရဲ့ တင်ပြချက် အဖြစ်ဖြင့်သာ မှတ်တမ်းတင်ထားခဲ့ရခြင်း ဖြစ်ပါတယ်။

ဒီစာတန်းဖြင့် ဦးနုက နေဝင်ခြင်း ခတ်ပြသွားပါတယ်။ ဝိုက်ရော၊ စလွယ်ရော၊ မဟာဒူးရော စုံလို့ဘဲ။ သို့သော် ဘယ်ဟာမှ မမိဘူး။ဒါ့ကြောင့် နိုင်ငံရေးမှ အနားယူမယ်၊ ဘုန်းကြီးဝတ်ပြီး သာသနာပြုမယ်ဆိုတဲ့ သူ့ဆုံးဖြတ်ချက်ဟာ အခြေအနေ၊ အချိန်အခါနှင့် အသင့်လျော်ဆုံးမို့ လူသာမုခေါ်၊ နတ်သာမုခေါ် ဖြစ်ပါကြောင်း ဗျာ။

၂၂ ဦးနှင့် ပြည်တွင်းညီညွတ်ရေး

နိုင်ငံရေးပုဂ္ဂိုလ်ကြီး ၃၃ ဦးတို့ရဲ့ ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့က တင်သွင်းတဲ့ အစီရင်ခံစာကို လေ့လာကြည့်လိုက်တော့ ဦးနု၊ ဦးကျော်ငြိမ်း၊ သခင်ချစ်မောင် (မြန်အောင်)၊ သခင်သာခင်နှင့် ဦးဗဆွေတို့ ငါးဦးနှင့် ကျန် ၁၇ ဦး ပေါင်း ၂၂ ဦးတို့ဟာ ပြည်တွင်းညီညွတ်ရေးဆိုတဲ့ ပြဿနာကို လေးလေးနက်နက်မှ စဉ်းစားခဲ့ကြပါလေလားလို့ သံသယ ဖြစ်မိတယ်ဗျာ။

ပြည်တွင်းညီညွတ်ရေး ပြဿနာကို လေးလေးနက်နက် စဉ်းစားရင် ပထမဦးဆုံး လူများစုကြီးဖြစ်တဲ့ တောင်သူလယ်သမားလူတန်းစားနှင့် အလုပ်သမား လူတန်းစားတို့ရဲ့ လူတန်းစားအလိုက် ညီညွတ်ရေးပြဿနာကို စဉ်းစားကြရမယ်။ အလုပ်သမားနှင့် တောင်သူလယ်သမားတို့ရဲ့ မဟာမိတ် ဖွဲ့စည်းရေး ပြဿနာကို စဉ်းစားကြရမယ်။ အလုပ်သမား လူတန်းစား အဖွဲ့အစည်း တခုတည်းဖြစ်ရေး၊ တောင်သူလယ်သမား လူတန်းစား အဖွဲ့အစည်း တခုတည်းဖြစ်ရေးစသည်ဖြင့် လူထုလူတန်းစား အဖွဲ့အစည်းများ ညီညွတ်ရေး ပြဿနာတွေကို လေးလေးနက်နက် စဉ်းစားကြရမယ်။ ဘာ့ကြောင့်လဲဆိုတော့ များရာစုကြီးဖြစ်တဲ့ အလုပ်သမားနှင့် တောင်သူလယ်သမား လူတန်းစားတို့ရဲ့ ညီညွတ်ရေးကို အခြေမခံရင် ပြည်တွင်းညီညွတ်ရေး မဖြစ်နိုင်လို့ပါဘဲ။ လူထုလူတန်းစား အဖွဲ့အစည်းများ တဖွဲ့ချင်း အတွင်းမှာ သော်လည်းကောင်း၊ သူတို့အချင်းချင်း သော်လည်းကောင်း မညီညွတ်ကြရင် ပြည်တွင်းညီညွတ်ရေး မရှိနိုင်လို့ပါဘဲ။

၂၂ ဦး တင်ပြတဲ့ စာတန်းများနှင့် အစီရင်ခံစာများကို ဖတ်ကြည့်ပါတယ်။အလုပ်သမားနှင့် တောင်သူလယ်သမား လူတန်းစားများ ညီညွတ်ရေးအကြောင်း ဘယ်နေရာမှာမှ တလုံးတလေမျှ မပါပါဘူးဗျာ။ တကယ်တော့ သူတို့စာတန်းနှင့် အစီရင်ခံစာတို့မှာ တောင်သူလယ်သမား လူတန်းစားဆိုတဲ့ စကားလုံး၊ အလုပ်သမားလူတန်းစား ဆိုတဲ့ စကားလုံးတောင် တလုံးတလေမျှ မပါပါဘူးဗျာ။ လူဆိုတဲ့ ယေဘုယျစကား၊ လူထုဆိုတဲ့ ရေဘုယျ စကားတွေသာ ပါပါတယ်။ခေါင်းပုံဖြတ် သွေးစုတ်တဲ့ လူတန်းစားတွေနှင့် ခေါင်းပုံဖြတ်သွေးစုတ်ခံရတဲ့ လူတန်းစားတွေကို အဲဒီ ယေဘုယျ စကားတွေနှင့်ရောထွေးထားခဲ့ကြပါတယ်။ သူတို့ဟာ လူတန်းစားနိုင်ငံရေးနှင့် လူတန်းစားတိုက်ပွဲကို လုံးဝဖုံးဖိထားပြီး ခေါင်းပုံဖြတ်သွေးစုတ်တဲ့ လူတန်းစားများက လိုလားနေသော ညီညွတ်ရေးကိုသာ ကြံစည် အားထုတ်ခဲ့ကြပါတယ်။

ဒုတိယအချက်ကတော့ ပြည်တွင်းညီညွတ်ရေး ဆိုတာဟာ တောင်သူလယ်သမားတွေ၊ အလုပ်သမားတွေ၊ ဒီလူတန်းစား နှစ်ရပ်ရဲ့ အကျိုးကို သည်ပိုးတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ (ဝါ) လုပ်သား ပြည်သူတွေကို တကယ် တိတိလင်းလင်း သဘောတရားရော လက်တွေ့ပါ ကိုယ်စားပြုနိုင်တဲ့၊ ကိုယ်စားပြုရန် ရိုးသားစွာ ကြိုးပမ်းနေကြတဲ့ နိုင်ငံရေး အင်အားစုတွေရဲ့ ညီညွတ်ရေးဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံမှာ ထိုကဲ့သို့သော နိုင်ငံရေး အင်အားစုများဟာ တော်လှန်ရေးကောင်စီ၊တော်လှန်ရေးအစိုးရ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပြည်သူ့ အလုပ်သမားကောင်စီနှင့် ပြည်သူ့ တောင်သူလယ်သမား ကောင်စီတို့

ဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းများဟာ အလုပ်သမား တောင်သူလယ်သမားနှင့် အခြားသော လုပ်သားပြည်သူတွေကို ပြည့်ပြည့်ဝဝကြီး ကိုယ်စားပြုနိုင်ပြီလို့တော့ ကျွန်တော် မဆိုလိုပါဘူး။ သို့သော် လောလောဆယ်အားဖြင့် အတော်ကြီး ကိုယ်စားပြုနိုင်ပြီး နောင်သော် အပြည့်အဝ ကိုယ်စား ပြုနိုင်အောင် ကြိုးစားနေတယ်လို့ ဆိုချင်ပါတယ်။ ၂၂ ဦးတို့ဟာ ကိုယ့်ကိုယ်ကို ခေါင်းပုံဖြတ် သွေးစုတ်ခံရသူတို့ဘက်မှ၊ တောင်သူ လယ်သမား အလုပ်သမားနှင့် အခြားသော လုပ်သားပြည်သူတို့ဘက်မှ ရပ်သူတွေ၊ ထိုလူတန်းစားများ အကျိုးကို လိုလားသူတွေဟု ယူဆထားပြီး တောင်သူလယ်သမားနှင့် အလုပ်သမား လူတန်းစားများရဲ့ ညီညွတ်ရေး ပြဿနာကို လေးလေးနက်နက် စဉ်းစားကြရင် အထက်ပါ အဖွဲ့အစည်းများနှင့် ညီညွတ်ရေးပြဿနာကို စဉ်းစားကြရမယ်။တော်လှန်ရေးကောင်စီ၊တော်လှန်ရေးအစိုးရ၊ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပြည်သူ့ အလုပ်သမားကောင်စီ၊ ပြည်သူ့ တောင်သူ လယ်သမားကောင်စီ စသည်တို့နှင့် ဘယ်လို ပူးပေါင်းဆောင်ရွက်ကြမည်လဲ၊ ဘယ်လို ညီညွတ်ရေး လုပ်ကြမည်လဲ ဆိုတာ အလေးအနက် စဉ်းစားကြရမယ်။ အဖိုးတန်သော အကြံဉာဏ်များ ပေးကြရမယ်။ ခုတော့ သူတို့ဟာ ဒီအဖွဲ့အစည်းတွေကို တကယ့်အရှိ၊ တကယ့်အဖြစ် မဟုတ်လေဟန် ပြုမူ ဆောင်ရွက်ကြတယ်။ မြန်မာ နိုင်ငံရေး သမိုင်းမှာ တော်လှန်ရေးကောင်စီ၏ အခန်းကဏ္ဍကို သူတို့က အသိအမှတ်မပြု။ တော်လှန်ရေးအစိုးရက နိုင်ငံတော် အချုပ်အချာ အာဏာ ခိုင်မာရေးအတွက်လည်းကောင်း၊ ပြည်ထောင်စု စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း မြေရှင် အရင်းရှင် ခေါင်းပုံ

ဖြတ် သွေးစုတ်မှု ပပျောက်ရေးအတွက်လည်းကောင်း၊ အလုပ်သမားနှင့် တောင်သူလယ်သမားတို့ ဘဝလွတ်မြောက်ရေး အတွက်လည်းကောင်း ဆောင်ရွက်ခဲ့သမျှတွေကို ဖျက်သိမ်းပစ်ရန်နှင့် သို့ကလို ဆောင်ရွက်မှုကြောင့် သင့်သောအပြစ်တွေကို သင်ပုန်းချေရန်သာ စဉ်းစားခဲ့ကြတယ်။ အစီအစဉ် ရေးဆွဲခဲ့ကြတယ်။ သူတို့ရဲ့ ဝါဒ သဘောတရားဟောင်းတွေ၊ လမ်းစဉ်ဟောင်းတွေ၊ မူဝါဒတွေကို ပြန်လည် အသက်သွင်းရန် အကြံပေးခဲ့ကြတယ်။

၂၂ ဦးတို့ဟာ တောင်သူလယ်သမား အလုပ်သမားနှင့် အခြားသော လုပ်သားပြည်သူတို့ရဲ့ လူထု လူတန်းစားညီညွတ်ရေးပြဿနာကိုလဲ လေးလေးနက်နက် မစဉ်းစား၊ တောင်သူလယ်သမား အလုပ်သမားနှင့် အခြားသော လုပ်သားပြည်သူတွေကို ကိုယ်စားပြုနေတဲ့ နိုင်ငံရေး အင်အားစုနှင့် ညီညွတ်ရေးပြဿနာကိုလဲ လေးလေးနက်နက် မစဉ်းစားကြဘဲ အပေါ်ယံပုဂ္ဂိုလ်ရေး ညီညွတ်ရေးကိုတော့ စဉ်းစားခဲ့ကြသေးတယ်။ သူတို့အစီရင်ခံစာနှင့် စာတန်းများကို ကြည့်လိုက်ရင် ဗိုလ်ချုပ်ကြီးနေဝင်းကို နေရာများစွာမှာ ဦးထိပ်ထားနေတာကို တွေ့ရမယ်။ ဦးနုကလဲ ဗိုလ်ချုပ်ကြီးနေဝင်းကို အမှုဆောင်သမတ ခန့်မယ်လို့တဲ့။ တနှစ်နှစ်နှစ်တောင် မကဘူး။ လေး ငါး ဆယ်နှစ်ကြီး များတောင်။ ကျန် ၂၁ ဦးကလဲ ဗိုလ်ချုပ်ကြီးနေဝင်းက ပြည်ထောင်စုအမျိုးသားအစိုးရကိုခေါင်းဆောင်ဖွဲ့စည်းရမယ်တဲ့။တပ်မတော်မှ ပုဂ္ဂိုလ်အချို့တောင် ပါရဦးမယ်တဲ့။ ပြည်ထောင်စုအမျိုးသားတပ်ပေါင်းစုကြီးကိုလဲ ဗိုလ်ချုပ်ကြီးကဘဲ ခေါင်းဆောင်

ရမယ်တဲ့။ ဗိုလ်ချုပ်ကြီး နေဝင်း ကိုယ်တိုင် ကြပ်မတ်ပြီး ပြည်နယ်အစိုးရ အဖွဲ့များနှင့် ပြည်နယ်တပ်ပေါင်းစုများကို ဖွဲ့စည်းပေးရမယ်တဲ့။ ဘယ်အဖွဲ့ထဲမှာမဆို ထိုသူ ထိုသူများအပြင် ဗိုလ်ချုပ်ကြီးကြိုက်သော လူများကိုလဲ ထည့်ပါဦးတဲ့ဗျ။

ဟုတ်ကဲ့၊ ကျွန်တော်တို့တတွေလဲ ဗိုလ်ချုပ်ကြီး နေဝင်းရဲ့ ခေါင်းဆောင်မှုကို တန်ဖိုးထားကြတာပါဘဲ။ သို့သော် ကျွန်တော်တို့က ပုဂ္ဂိုလ်ရေး ဆည်းကပ်ကိုးကွယ်မှု မဟုတ်ဖူးဗျ။ ဗိုလ်ချုပ်ကြီး နေဝင်းရဲ့ ခေါင်းဆောင်မှုကို စုပေါင်းခေါင်းဆောင်မှုဖြစ်အောင်၊ဒီမိုကရေစီ အခြေခံသော ဗဟိုဦးစီးချုပ်ကိုင်မှုဖြစ်အောင်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ဦးဆောင်မှု ဖြစ်အောင်၊ ပါတီခေါင်းဆောင်မှု၊ တော်လှန်ရေးကောင်စီ ခေါင်းဆောင်မှုနှင့် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်မှုတို့ တထပ်တည်းဖြစ်အောင် ထူထောင်ပေးနေကြတယ်။

၂၂ဦးတို့ကတော့ တော်လှန်ရေးကောင်စီမပါတဲ့၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ မပါတဲ့၊ တော်လှန်ရေး ကောင်စီရဲ့ သဘောတရား မူဝါဒ လမ်းစဉ်များမပါဘဲ၊ လမ်းစဉ်ပါတီရဲ့ သဘောတရား မူဝါဒလမ်းစဉ်များမပါတဲ့(ဝါ)အချုပ်အားဖြင့် ဖော်ပြရရင် တော်လှန်ရေးဆိုတဲ့ မဟာအရေးကြီး မပါတဲ့ ဗိုလ်ချုပ်ကြီးနေဝင်းကို ကွက်ပြီး ညီညွတ်ရေးခေါ်နေခြင်း ဖြစ်ပါတယ်။ (ဝါ) တနည်းအားဖြင့် ဖော်ပြရရင် အသည်းနှလုံးမပါတဲ့၊ ဦးနှောက်မပါတဲ့၊ စက်ရုပ်သဖွယ်ဖြစ်တဲ့ သူတို့သော့ပေးချင်သလို ပေးလို့ရမယ့် ဗိုလ်ချုပ်ကြီး နေဝင်း အဖြစ်ဖြင့် ညီညွတ်ရေးခေါ်နေခြင်း ဖြစ်ကြောင်းပါဗျာ။

ဒီမိုကရေစီ ဆိုရှယ်လစ်နှင့် ဆိုရှယ်လစ် ဒီမိုကရေစီ

ဒီမိုကရေစီ ဆိုရှယ်လစ်နှင့် ဆိုရှယ်လစ် ဒီမိုကရေစီဆိုတဲ့ ဝေါဟာရ နှစ်လုံးကို ၃၃ ဦး အကြံပေးအဖွဲ့က ယှဉ်တွဲသုံးစွဲလိုက်တဲ့အတွက် ပြည်သူသူထုမှာ အတော်ကလေး အရှုပ်အထွေး ဖြစ်ရတယ်ဗျာ။

ကျွန်တော့်ထံ စာရေးလို့ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ရှင်းလင်းပေးပါရန် တောင်းဆိုသူများ ရှိနေပါတယ်။

စာပေနယ်ပယ်မှာဖြစ်စေ၊ သိပ္ပံနယ်ပယ်မှာဖြစ်စေ၊ နိုင်ငံရေးနယ်ပယ်မှာဖြစ်စေ ဝေါဟာရရှုပ်ထွေးမှု မကြာခဏ ဖြစ်တတ်ပါတယ်။ တခါတရံ ရှောင်လွှဲလို့ ရနိုင်သော်လဲ တခါတရံ မရှောင်လွှဲနိုင်ပါဘူး။ ရှောင်လွှဲချင်လို့ တခြားဝေါဟာရကို သုံးပြန်ရင်လဲ လိုချင်သော အဓိပ္ပာယ်ကို လုံးဝမရောက်ဘဲ တခြားအဓိပ္ပာယ်ကို ရောက်သွားတတ်သေးတယ်။ ဒါ့ကြောင့် ဤမည် ထိုမည်သော ဝေါဟာရကို မလွှဲမရှောင်သာ သုံးစွဲလိုက်ကြရတယ်။ ပြီးတော့မှ ကိုယ်လိုချင်တဲ့အဓိပ္ပာယ်ကို ရှင်းလင်းတင်ပြကြရတယ်။ တဖြည်းဖြည်းတော့ လူတွေရဲ့ အမှတ်သညာမှာ ထိုမည် ဤမည်သော ဝေါဟာရဟာ သူ့အဓိပ္ပယ်နှင့် သူ ရှင်းလင်းသွားတော့တာပါဘဲ။

ဒီလိုဝေါဟာရ ရှုပ်ထွေးမှုကို အကြောင်းပြုပြီး စာရေးဆရာတွေက သော်လည်းကောင်း၊ ကာတွန်းဆရာတွေက သော်လည်းကောင်း ပြက်ရယ်ပြုနေဘို့ မလိုပါဘူး။ ပြည်သူလူထုကို ရှင်းပြဘို့ဘဲ လိုပါတယ်။

ပထမဦးဆုံး နားလည်ထားကြဘို့ကတော့ အခြေခံ အတွေးအခေါ် အယူအဆတွေ၊ ဝါဒသဘောတရားတွေမှာ ဦးနု၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ မန်းဝင်းမောင် စတဲ့ ၂၂ ဦးတို့ဟာ အတူတူပါဘဲ။ (တည်မြဲ၊ သန့်ရှင်း ကွဲတုန်းကလဲ အခြေခံအားဖြင့်တော့ အတူတူပါဘဲ။) ခုပွဲမှာတော့ ဦးနုက ပါလီမန်ဒီမိုကရေစီဆိုတဲ့ ဝေါဟာရကိုသာ သုံးလိုက်တယ်။ သူ့စာထဲမှာ ‘ကျွန်တော့်အနေအားဖြင့်ဆိုလျှင် ပါလီမန်ဒီမိုကရေစီကို အခြေပြုထားသော စည်းမျဉ်းမှတပါး အခြားစည်းမျဉ်းများကို လက်ခံနိုင်မည်မဟုတ်’ လို့ ဆိုလဲ ထားပါတယ်။

သူတို့တတွေ ပါလီမန်ဒီမိုကရေစီကို ကျင့်သုံးခဲ့ကြတာ ၁၅ နှစ်လောက် ရှိခဲ့တယ်။ ဒီအချိန်အတွင်းမှာ ပါလီမန်ဒီမိုကရေစီဟာ အတော်နာမည်ပျက်ခဲ့တယ်။ ဦးဗဆွေ၊ ဦးကျော်ငြိမ်း စသူတို့ဟာ တခါတုန်းက ပြည်သူ့ဆိုရှယ်လစ်ပါတီရယ်လို့ တည်ထောင်ပြီး ပြည်သူ့ဆိုရှယ်လစ်တွေ လုပ်ခဲ့ကြတယ်။ နာမည်အထူး ပျက်ခဲ့ကြတယ်။ဒီတော့ ကျန် ၂၁ ဦးတို့ဟာ ပါလီမန်ဒီမိုကရေစီကိုသော်လည်းကောင်း၊ ပြည်သူ့ ဆိုရှယ်လစ်ကိုသော်လည်းကောင်း မသုံးတော့ဘဲ သူတို့ ဖုံတက်၊ ခြကိုက် ဖိုင်တွဲဟောင်းတွေထဲမှ ရှာဖွေကာ ဒီမိုကရေစီဆိုရှယ်လစ်ဆိုတဲ့ ဝေါဟာရကို သုံးစွဲနေကြပါတယ်။ အထူးသဖြင့် ဆိုရှယ်လစ်ဒီမိုကရေစီဆိုတဲ့ ဝေါဟာရနှင့် အပြိုင်အဆိုင်ပြုရန် သုံးစွဲလိုက်ကြခြင်း ဖြစ်ပါတယ်။ ကာယကံမြောက်အားဖြင့် ဆိုရှယ်လစ် ဒီမိုကရေစီကို လုပ်သားပြည်သူတွေရဲ့ အမှတ်သညာမှာ ရှုပ်ထွေးသွားအောင် ဒီတချီ ဒီတပွဲမှာ အစွမ်းကုန် ကြဲလိုက်ကြခြင်း ဖြစ်ပါတယ်။

သခင်လွင်၊သခင်ချစ်မောင်(ဝိမူရ)စတဲ့ ၁၁ ဦးက ဆိုရှယ်လစ် ဒီမိုကရေစီဆိုတဲ့ ဝေါဟာရကို သုံးစွဲလိုက်ခြင်းကို အကြောင်းပြုပြီး တချို့နားမလည်သူတွေက ဆိုရှယ်လစ် ဒီမိုကရေစီဟာ ပမညတရဲ့ မူရင်းပစ္စည်းဖြစ်တယ်လို့ ပြောဆို ရေးသားခဲ့ကြပါတယ်။ ဒါဟာ မမှန်ပါဘူး။

မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ အာဏာ မသိမ်းမီက ဘယ်ပါတီ၊ ဘယ်အဖွဲ့ အစည်း၊ ဘယ်တပ်ပေါင်းစုကမှ ဆိုရှယ်လစ် ဒီမိုကရေစီကို လက်တွေ့ကျတဲ့ ကြွေးကြော်သံ၊ လက်တွေ့ကျတဲ့ ဆောင်ပုဒ်အဖြစ်ဖြင့် ပြည်သူလူထုရှေ့သို့ မတင်ပြခဲ့ကြဘူးပါဘူး။ အချို့သူတွေဟာ ဆိုရှယ်လစ် ဒီမိုကရေစီကို ယုံကြည်ချင် ယုံကြည်မယ်။ သို့သော် ထိုစဉ် ထိုအချိန်က တိုင်းပြည်အနေနှင့် လက်တွေ့လုပ်ငန်းစဉ်မှာ မထည့်နိုင်သေးဘူး။ အခြေအနေအရ တဆင့်နိမ့်တဲ့ ဝါဒလမ်းစဉ်ကိုသာ ပြည်သူလူထုက လက်ခံနိုင်ဦးမယ်လို့ ယူဆကြတယ်။ ဒါကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီ၊ အလုပ်သမား၊လယ်သမားပါတီ(ဆိုရှယ်နီ)အလုပ်သမား ညီညွတ်ရေးပါတီ စတဲ့ပါတီတွေတောင် ဆိုရှယ်လစ်ဒီမိုကရေစီကို ဝါဒလမ်းစဉ်များမှာ မထည့်ခဲ့ကြပါဘူး။ ဒီမိုကရေစီသစ်၊ ပြည်သူ့ဒီမိုကရေစီ၊ အမျိုးသား ဒီမိုကရေစီ စတဲ့ ဝေါဟာရများကိုသာ သုံးစွဲကြပါတယ်။ သူတို့အမြင်မှာ နယ်ချဲ့ ပဒေသရာဇ် ဆန့်ကျင်ရေး တော်လှန်ရေးနှင့် ဆိုရှယ်လစ် တော်လှန်ရေးကြားမှာ ရှည်လျားသော ကြားကာလကြီးက ခြားနေပြီ။ ထိုကြားကာလအတွက် ဒီမိုကရေစီသစ်တော်လှန်ရေး၊ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး၊ အမျိုးသား ဒီမိုကရေစီ တော်လှန်ရေး စသည်ဖြင့် ပိုင်းဖြတ် သတ်မှတ် ထားခဲ့ကြပါတယ်။ ပမညတ ဆိုတာကတော့

တပ်ပေါင်းစုဖြစ်လို့မို့တကြောင်း၊ ပါလီမန်ဒီမိုကရေစီကို လက်တွေ့ ဝါဒလမ်းစဉ်အဖြစ်ဖြင့် (ထိုအချိန် ထိုအခိုက်ဘဲဖြစ်ဖြစ်) ကျင့်သုံးနေကြလို့မို့ တကြောင်း ဆိုရှယ်လစ် ဒီမိုကရေစီနှင့် ပိုလိုပင် ဝေးခဲ့ပါသေးတယ်။

တော်လှန်ရေးကောင်စီ တက်လာပြီးနောက် ဝါဒလမ်းစဉ်များ ကျေညာတဲ့ အခါမှာသော်လည်းကောင်း၊ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ တည်ထောင်တဲ့ အခါမှာသော်လည်းကောင်း၊ ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးအတွက် လုပ်သားပြည်သူတွေကို လက်တွေ့စည်းရုံးလာတဲ့ အခါမှာသော်လည်းကောင်း၊ ကေဒါတွေကို ပညာပေးလာတဲ့ အခါမှာ သော်လည်းကောင်း၊ ဆိုရှယ်လစ် ဒီမိုကရေစီဆိုတဲ့ ဝေါဟာရကို တွင်ကျယ်စွာအသုံးပြုလာကြပါတယ်။ ဆိုရှယ်လစ် ဒီမိုကရေစီဟာ လက်တွေ့ကျတဲ့ ကြွေးကြော်သံနှင့် ဆောင်ပုဒ်ဖြစ်လာခဲ့ပါတယ်။ ပါတီ၊ အစိုးရ၊ လူထုလူတန်းစားအဖွဲ့အစည်းများကို ဆိုရှယ်လစ်ဒီမိုကရေစီမူများ အရ လေ့ကျင့် ပညာပေးနေတယ်။ တဆင့်ပြီးတဆင့် စည်းရုံးနေတယ်။

တော်လှန်ရေးကောင်စီဟာ နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေး တော်လှန်ရေးကြီးနှင့် ဆိုရှယ်လစ်တော်လှန်ရေးကြီးကြားမှာ ဒီမိုကရေစီသစ် တော်လှန်ရေး၊ သို့မဟုတ် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး၊ သို့မဟုတ် အမျိုးသားဒီမိုကရေစီတော်လှန်ရေး သီးခြား တော်လှန်ရေးတခုက ခြားနားတည်ရှိနေတယ်လို့ မယူဆဘူး။ ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးကို ဆင်နွှဲနေတယ်လို့ဘဲ ယူဆတယ်။ ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးကို စတင်ဆင်နွှဲနေပြီဖြစ်သည့် အားလျော်စွာ ဆိုရှယ်လစ်ဒီမိုကရေစီကို

ဝါဒလမ်းစဉ် လက်တွေ့ဆောင်ပုဒ်အဖြစ်ဖြင့် ပြည်သူလူထုရှေ့သို့ တင်ပြလိုက်ခဲ့တယ်။

ဒါ့ကြောင့် သခင်လွင်၊ သခင်ချစ်မောင်(ဝိမ္မုရ)စတဲ့ ၁၁ ဦးက ဆိုရှယ်လစ် ဒီမိုကရေစီ ဝေါဟာရကို သုံးစွဲလိုက်ခြင်းဖြင့် ပမညတ မူလပစ္စည်းကို ပြန်ဖော်ခြင်းမဟုတ်။ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့ခေါင်းဆောင်ပြီး ဆင်နွှဲနေတဲ့ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကို ထောက်ခံအတည်ပြုခြင်းသာ ဖြစ်တယ်။ဦးနု၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ မန်းဝင်းမောင် စတဲ့ ၂၂ ဦးက ဆိုရှယ်လစ် ဒီမိုကရေစီကို ဆန့်ကျင်ပြီး ဒီမိုကရေစီဆိုရှယ်လစ်ဆိုတဲ့ဝါဒလမ်းစဉ်ကို တင်ပြလာခြင်းဟာ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့ရဲ့ ခေါင်းဆောင်မှုကို ယှဉ်ပြိုင်ခြင်း၊ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကို ဆန့်ကျင်တားဆီးခြင်း၊ ၇ နှစ်နီးပါး ဝါဒဖြန့်ထားခြင်းကြောင့် တောင်သူလယ်သမားနှင့် အလုပ်သမား လူတန်းစားများကြားမှာ အတော်ရှင်းပြီး ယဉ်ပါးလာပြီဖြစ်တဲ့ ဆိုရှယ်လစ်ဒီမိုကရေစီဆိုတဲ့ ဝေါဟာရကို ရှုပ်အောင် လုပ်လိုက်ခြင်းသာ ဖြစ်ပါတယ်။ အမှန်ကတော့ ၂၁ ဦးတို့ဟာ ဦးနုလိုဘဲ အရင်းရှင် ဒီမိုကရေစီသမားတွေသာ ဖြစ်ပါတယ်ဗျာ။

ဒီမိုကရေစီ ဆိုရှယ်လစ်ဆိုတာဟာ အရင်းရှင် ဒီမိုကရေစီသာ ဖြစ်တယ်လို့ ကျွန်တော်ဆိုခဲ့တယ်။

ဆိုရှယ်လစ် ဒီမိုကရေစီကတော့ တောင်သူလယ်သမား အလုပ်သမားစတဲ့လုပ်သားပြည်သူတွေရဲ့ဒီမိုကရေစီဖြစ်တယ်ဗျာ။

အရင်းရှင် ဒီမိုကရေစီဖြစ်တဲ့ ဒီမိုကရေစီဆိုရှယ်လစ်တို့ဟာ သူတို့ကိုယ်ကို သူတို့အရင်းရှင်လူတန်းစားဘက်ကပါလို့မကျေညာ

ဘူးဗျ။ သူတို့ဟာ လူတန်းစား ဘက်မလိုက်သလို အယောင်ဆောင်ကြတယ်။ သူတို့ဟာ လူတန်းစား အားလုံးပေါ်မှ နေလေဟန်၊ လူတန်းအားလုံးကို တရားမျှတစွာ ဆက်ဆံလေဟန်၊ လူအားလုံးရဲ့အကျိုးကို ဆောင်လေဟန် ရေးသားပြောဆိုလေ့ ရှိကြတယ်။

ဆိုရှယ်လစ်ဒီမိုကရေစီကတော့ သို့ကလို ဟန်မဆောင်ဘူးဗျ။ ဒီမှာ ဒီမိုကရေစီ ဆိုရှယ်လစ်နှင့် ဆိုရှယ်လစ်ဒီမိုကရေစီတို့ အကြီးအကျယ် ခြားနားသွားတယ်။ ဆိုရှယ်လစ်ဒီမိုကရေစီတို့က လူတန်းစားဘက်လိုက်တယ်လို့ အတိအလင်း ကျေညာကြတယ်။ ဆိုရှယ်လစ်ဒီမိုကရေစီက အလုပ်သမားလူတန်းစား၊ တောင်သူလယ်သမား လူတန်းစားနှင့် ထိုလူတန်းစားများဘက်မှ လုံးဝရပ်ပြီး အလုပ်အကျွေးပြုတဲ့ ပညာရှင်များရဲ့ ဒီမိုကရေစီဖြစ်တယ်။ (ဝါ)လုပ်သား ပြည်သူတွေရဲ့ ဒီမိုကရေစီဖြစ်တယ်။ လုပ်သားပြည်သူတွေနှင့် မြေရှင် အရင်းရှင်လူတန်းစားကြားမှာ တရားမျှတစွာ မရပ်နိုင်ဘူး။ လုပ်သားပြည်သူတို့ဘက်မှရပ်ပြီး မြေရှင် အရင်းရှင် လူတန်းစားများကို ဆန့်ကျင်မယ်။ ဆိုရှယ်လစ်ဒီမိုကရေစီအခွင့်အရေးဟာ မြေရှင်အရင်းရှင် လူတန်းစားများခံစားရသော ဒီမိုကရေစီ အခွင့်အရေးမဟုတ်ဖူး။ မြေရှင်အရင်းရှင် လူတန်းစားများအဖြစ်ဖြင့် ရပ်တည်မနေနိုင်အောင်တိုက်ဖျက်သော ဒီမိုကရေစီဖြစ်တယ်။ ဆိုရှယ်လစ် ဒီမိုကရေစီဟာ လူတန်းစား ရပ်တည်မှုနှင့်ပတ်သက်ပြီး လုံးဝဟန်ဆောင်မှုမရှိဘူးဗျ။ ရိုးသားတယ်။

၁၉၆၂ ခုနှစ် မတ်လ ၄ ရက်နေ့က နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းဟာ ဖဆပလ ခေါင်းဆောင်များ၊ ပထစ ခေါင်းဆောင်တချို့နှင့် ပမညတ ခေါင်း

ဆောင်များကို ဖိတ်ခေါ်ပြီး ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးစဥ်တုန်းက ဆိုရှယ်လစ်ပန်းတိုင်သို့ ချီတက်မည့် အကြောင်း၊သူဆိုလိုသော ဆိုရှယ်လစ်မှာ တောင်သူလယ်သမားနှင့် အလုပ်သမားများပေါ်တွင် လုံးဝအခြေစိုက်သော ဆိုရှယ်လစ်ဖြစ်ကြောင်းရှင်းလင်းပြောပြခဲ့တယ်။တော်လှန်ရေးကောင်စီဟာ ဘူးလုံးနားမထွင်း ဆိုရှယ်လစ်များနှင့်မတူ၊ လူတန်းစားရပ်တည်မှု ပြတ်သားကြောင်း အာဏာသိမ်းပြီး မကြာမီပင် ပြသခဲ့တယ်ဗျာ။

ဒီမိုကရေစီ ဆိုရှယ်လစ်တွေက ဒီမိုကရေစီကို ရှေ့ကထားကြတာဟာ အကြောင်းမဲ့ မဟုတ်ဖူးဗျ။ သူတို့အဆိုအရ လူတိုင်းအတွက် ဒီမိုကရေစီရှိဘို့ အရေးက ဆိုရှယ်လစ်ရေးထက် အရေးကြီးတယ်တဲ့ဗျ။ လူတိုင်းအတွက် ဒီမိုကရေစီမရှိဘဲ နေလို့မရဘူး။ ဆိုရှယ်လစ်မရှိရင် နေလို့ရတယ်လို့ ဆိုတတ်ကြတယ်။

ဒါ့ကြောင့် သူတို့တင်သွင်းတဲ့ အစီရင်ခံစာမှာ လူတိုင်းအတွက် ဒီမိုကရေစီ၊ အထွေထွေ ဒီမိုကရေစီ၊အကြွင်းမဲ့ ဒီမိုကရေစီ အခွင့်အရေးများကို ဖော်ပြထားကြတယ်။

လွတ်လပ်စွာ တွေးကြံနိုင်မှု၊ လွတ်လပ်စွာ ပြောဆိုရေးသား ဖော်ပြနိုင်မှု၊ လွတ်လပ်စွာ ယုံကြည်နိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှုစတဲ့ လွတ်လပ်မှု အခွင့်အရေးများ၊ တရားမျှတမှု အခွင့်အရေးများ၊ ညီမျှမှုအခွင့်အရေးများ၊ တရားစီရင်မှု သီးခြားကင်းလွတ်မှုများ၊ ဒီမိုကရေစီ ဆိုရှယ်လစ် ပန်းတိုင်သို့ ချီတက်ရာ၌ အတိုက်အခံ အပြိုင်အဆိုင်ကို ခွင့်ပြု၍ လူ့အခွင့်အရေး အာမခံချက်ရှိသော စနစ် (Multiparty System) ကို ကျင့်သုံးရန် အခွင့်အရေးများ စသည်ဖြင့် တွေ့ရတယ်။

သူတို့ ရှေ့ဆောင် ရှေ့ရွက်ပြုကြတဲ့ လူတိုင်းအဖို့ ဒီမိုကရေစီ၊ အထွေထွေ ဒီမိုကရေစီ အခွင့်အရေးများ အနက်မှ လွတ်လပ်စွာ ပြောဆိုရေးသား ဖော်ပြနိုင်မှုနှင့် လွတ်လပ်စွာ စည်းရုံးနိုင်မှုဆိုတဲ့ အခွင့်အရေးများကို ဥပမာအားဖြင့် ထုတ်နှုတ်ပြီး ဆွေးနွေးပါရစေဗျာ။

အရင်းရှင် အုပ်စိုးမှုအောက်မှ ဒီအခွင့်အရေးများဟာ လုပ်သားပြည်သူတို့အဖို့ စာရွက်ပေါ်မှာသာရှိပြီး အရင်းရှင်တွေနှင့် အရင်းရှင်ဘက်သားတွေအဖို့သာ လက်တွေ့ အသုံးချနိုင်ကြပါတယ်။ အုပ်ချုပ်တဲ့ အစိုးရကဝင်ပြီး တိုက်ရိုက် ဖိနှိပ်ချုပ်ချယ်မှု မပြုဘူးဘဲ ထားပါဦး။ အစည်းအဝေးပြုလုပ်ရန် နေရာထိုင်ခင်း အဆောက်အဦတွေကို မြေရှင် အရင်းရှင်တွေက ပိုင်ထားတယ်။ ဒါ့ကြောင့် အလုပ်သမားတွေက မြေရှင်အရင်းရှင်တို့ရဲ့ သွေးစုတ်ချယ်လှယ်မှု စနစ်အောက်မှ ရုန်းကန်လွတ်မြောက်ရန် ဟောချင်ပြောချင်၊ စည်းဝေးချင်လို့ အစည်းအဝေး နေရာရှာရင် အခက်အခဲတွေ့ပါတယ်။ မြေရှင် အရင်းရှင်နှင့် သူတို့ဘက်သားတွေက ခေါင်းပုံဖြတ် သွေးစုတ်တဲ့ စနစ်ကို ထိန်းသိမ်း ကာကွယ်ရန် ပြောဟော၊စည်းဝေးချင်လို့ အစည်းအဝေး နေရာရှာရင် လွယ်ကူ ချောမောပါတယ်။ ဒါကြောင့် ဒီလွတ်လပ်စွာ ပြောဟောခွင့်၊ ဖော်ပြခွင့်နှင့် လွပ်လပ်စွာ စည်းဝေးခွင့်တို့ဟာ လက်တွေ့အားဖြင့် လုပ်သားပြည်သူတို့ ခံစားရန် မဟုတ်ဘဲ အရင်းရှင်၊ မြေရှင်၊ ပစ္စည်းပိုင်ရှင် လူတန်းစားများ ခံစားရန်သာ ဖြစ်နေပါတယ်။

အကယ်၍ အုပ်ချုပ်တဲ့ အစိုးရက တိုက်ရိုက် ဝင်ရောက်ဖိနှိပ်ချုပ်ချယ်တဲ့ အစိုးရဖြစ်နေရင်(တကယ့်ဘကယ် မြေရှင်အရင်းရှင်

နှင့် သူတို့ဘက်သားတွေက အရေးနိမ့်မည့် နိမိတ်လက္ခဏာ များ တွေ့မြင်ရရင် အချိန်မရွေးဝင်ပြီး တိုက်ရိုက် ဖိနှိပ်ချုတ်ချယ်ကြတာပါဘဲ။)လုပ်သားပြည်သူတို့အဖို့ ဒီမိုကရေစီဆိုရှယ်လစ် သမားတို့ ပြောနေတဲ့ အထွေထွေ ဒီမိုကရေစီ အခွင့်အရေးများဟာ လုံးဝ တန်ဖိုးမရှိရုံမက ရန်သူ့ရဲ့ လက်နက်များသာ ဖြစ်လာပါတော့တယ်။

ယခု တော်လှန်ရေး ကောင်စီဟာ အုပ်ချုပ်ရေး ယန္တရားဟောင်းကြီးကို လုံးဝ ဥဿုံ ပြုပြင်ပြောင်းလဲရေး မလုပ်နိုင်သေးပါဘူး။ ဆိုရှယ်လစ် ဒီမိုကရေစီကို အပြည့်အဝ မတည်ထောင်ရသေးပါဘူး။ အုပ်ချုပ်ရေး ယန္တရားဟောင်းကို ဖြိုဖျက်ဆဲ၊ ဆိုရှယ်လစ် ဒီမိုကရေစီ အုတ်မြစ်များကို ချဆဲသာ ဖြစ်ပါတယ်။ ဆိုရှယ်လစ် ဒီမိုကရေစီကို ပညာပေး လေ့ကျင့်နေရဆဲ ဖြစ်ပါတယ်။ သို့သော် ဒီအဆင့်မှာပင်လျှင် လုပ်သားပြည်သူတွေဟာ ဘယ်တုန်းကမျှနှင့် မတူအောင် ဒီမိုကရေစီ အခွင့်အရေးတွေ ရနေကြပြီဖြစ်တယ်။ မြေရှင်အရင်းရှင် ဆန့်ကျင်ရေး၊ အလုပ်သမား တောင်သူ လယ်သမားတို့ ဘဝလွတ်မြောက်ရေးအတွက် လွတ်လပ်စွာ ဟောနိုင်၊ပြောနိုင်၊စည်းဝေးနိုင်ကြတယ်။ အစည်းအဝေးနေရာအကောင်းဆုံးများကို ရနိုင်ကြတယ်။ သဋ္ဌေးဧည့်ခန်းမှာ အလုပ်သမား အစည်းအဝေး ကျင်းပနေကြတယ်။ ကျိုက္ကဆံကွင်းမှာ အလုပ်သမားဆန္ဒပြပွဲကြီးများ ကျင်းပနေကြတယ်။ တခါတုန်းက ရုံးတွေမှာ အကောင်းဆုံး နေရာများဟာ အရာရှိများ အပန်းဖြေရာ၊ ပျော်ပါးရာသာ ဖြစ်ခဲ့ပေမယ့် အခုတော့ ရုံးလုပ်သား အစည်းအဝေးများ ကျင်းပရာနေရာ ဖြစ်လာပါတယ်။ တခါတုန်းက တောင်သူလယ်သမား အစည်းအဝေးများ

ကို လိုက်ပြီး ခြိမ်းခြောက်နှောင့်ယှက်နေရတဲ့ ပုလိပ် (ရဲသား) ဟာ ယခု တောင်သူလယ်သမား အစည်းအဝေးဖိတ်စာ လိုက်ကမ်းနေရတယ်။ အစည်းအဝေးကို စောင့်ရှောက် ကာကွယ်ပေးနေရတယ်။

ဒီမိုကရေစီ ဆိုရှယ်လစ်တို့ ပြောနေတဲ့လူတိုင်းအတွက် ဒီမိုကရေစီ(ဝါ) အရင်းရှင် ဒီမိုကရေစီလက်အောက်မှာ ပုံနှိပ် ထုတ်ဝေရေးလုပ်ငန်းတွေ၊ သတင်းစာတွေ၊ ရေဒီယိုတွေကို အရင်းရှင်များက ပိုင်ကြတယ်။ ပုံနှိပ်စက်၊ သတင်းစာ၊ ရေဒီယို၊ အသံလွှင့်စက်စသည်များကို ပိုင်သူတွေနှင့် ကြော်ငြာ ထည့်နိုင်သော အရင်းရှင်တွေကသာ စာအုပ်၊ စာနယ်ဇင်း၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းစသည်များကို ကြီးစိုးလွှမ်းမိုးနေတယ်။ သူတို့ရဲ့ လူတန်းစား အခြေခံ အကျိုးစီးပွားများကို မထိသရွေ့သာ လွတ်လပ်စွာ ရေးသား ဖော်ပြခွင့်ကို ပေးကြတယ်။ သူတို့ရဲ့ လူတန်းစား အာဏာတည်မြဲရေးအတွက်သာ လွတ်လပ်စွာ ရေးသားဖော်ပြခွင့်ကို အသုံးပြုကြတယ်။

ဆိုရှယ်လစ် ဒီမိုကရေစီကို အုတ်မြစ်ချဆဲ ကာလမှာတောင် တော်လှန်ရေး အစိုးရဟာ လုပ်သားပြည်သူများကို ကျယ်ပြန့်တဲ့ လွတ်လပ်စွာ ရေးသားဖော်ပြခွင့်ကို ပေးနိုင်နေတယ်။ သတင်းစာ အများစုနှင့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကြီးများကို ပြည်သူပိုင်လုပ်ထားပြီး တောင်သူလယ်သမား၊ အလုပ်သမားနှင့် အခြားသော လုပ်သားပြည်သူတွေရဲ့ အခြေခံ အကျိုးစီးပွားများကို ထိရောက်စွာ ထိန်းသိမ်း ကာကွယ်နိုင်ကြတယ်။ မြေရှင် အရင်းရှင် ဆန့်ကျင်ရေး၊ ဆိုရှယ်လစ် ခေတ်ပြောင်း တော်လှန်ရေး၊

လုပ်သားပြည်သူတို့ ဘဝလွတ်မြောက်ရေးအတွက် ဘယ်တုန်းကမျှနှင့်မတူ လွတ်လပ်စွာ ဝါဒဖြန့် လှုံ့ဆော်ခွင့် ရှိနေကြတယ်ဗျာ။

ဦးနုနှင့် ဒီမိုကရေစီဆိုရှယ်လစ်တို့က လွတ်လပ်စွာ စည်းရုံးရေးဆိုတဲ့ ကြွေးကြော်သံကို ကိုင်စွဲထားကြတယ်။ ရေတို လုပ်ငန်းစဉ်မှာ သော်လည်းကောင်း၊ ရေရှည်လုပ်ငန်းစဉ်မှာ သော်လည်းကောင်း အတိုက်အခံ အပြိုင်အဆိုင်ပါတီများကို ခွင့်ပြုတဲ့ ပါတီစုံစနစ် (ဝါ) ပါလီမန် ဒီမိုကရေစီစနစ်ကို ပြန်လည်ထူထောင်ရန် အဆိုပြုလိုက်ကြတယ်။

မြေရှင်၊ အရင်းရှင်ခေါင်းပုံဖြတ် သွေးစုတ်မှုစနစ် ထွန်းကားနေတဲ့ နိုင်ငံများမှာ ထိုစနစ်ကို ခုခံတိုက်ခိုက်ရန်အတွက် အလုပ်သမားနှင့် တောင်သူလယ်သမားတွေဟာ လွတ်လပ်စွာ စည်းရုံးရေးဆိုတဲ့ ကြွေးကြော်သံကို အသုံးပြုနိုင်တယ်။ ကိုယ့်လူတန်းစားကို ကိုယ်စည်းရုံးပြီး ရန်သူ လူတန်းစားများကို တိုက်နိုင်တယ်။ ပါလီမန် ဒီမိုကရေစီဟာ တစုံတခုသော အတိုင်းအတာအထိ အလုပ်သမား လူတန်းစားနှင့် တောင်သူ လယ်သမား လူတန်းစားတို့ကို အကျိုးပြုနိုင်တယ်။ သို့သော် လုပ်သားပြည်သူတွေ(အလုပ်သမားနှင့် တောင်သူလယ်သမား လူတန်းစားတွေ) ဟာ ပါလီမန်ဒီမိုကရေစီတခုတည်း၊ ပါလီမန်တွင်း တိုက်ပွဲကိုချည်း အားကိုးအားထားပြုနေရင် မြေရှင်၊အရင်းရှင်စနစ် ဖြိုဖျက်ရေး၊ ဆိုရှယ်လစ်စနစ်ထူထောင်ရေးဆိုတဲ့ အဆုံးသတ် ရည်မှန်းချက် အောင်မြင်ဖို့ နေနေသာသာ၊ လတ်တလော သက်သာချောင်ချိရေးရည်မှန်းချက်များ အောင်မြင်ဖို့တောင် ခက်တယ်။ ဒါ့ကြောင့် အလုပ်သမားနှင့် တောင်သူလယ်သမား ပါတီများ

ဟာ တဖက်က ပါလီမန်ဒီမိုကရေစီကို အသုံးချရင်း အခြားတဖက်က ပါလီမန်ပြင်ပ လူထုတိုက်ပွဲများကို ဖော်ပေးကြရတယ်။ မြေရှင် အရင်းရှင်စနစ် ဖျက်သိမ်းရေး၊ ဆိုရှယ်လစ်စနစ်ထူထောင်ရေးဆိုတဲ့ တော်လှန်ရေး တာဝန်ကြီးကို လက်ငင်းထမ်းဆောင်ကြရတဲ့ အခါကာလမှာတော့ ပါလီမန် ဒီမိုကရေစီဟာ(ဝါ) ပါလီမန်တွင်း တိုက်ပွဲများဟာ မလုံလောက်ရုံမက အနှောင့်အရှက်ပင် ဖြစ်လာတယ်။ မြေရှင် အရင်းရှင် လူတန်းစားများဟာ လွတ်လပ်စွာ စည်းရုံးခွင့်ဆိုတဲ့ ကြွေးကြော်သံကို အကာအကွယ်ယူကာ တော်လှန်ရေးကို ဖျက်ရန် သူတို့အင်အားများကို စုစည်းကြတယ်။ ပါလီမန် ဒီမိုကရေစီကိုသုံးပြီး လုပ်သားပြည်သူတွေကို အမြင်ရှုပ်အောင်၊ တော်လှန်ရေး အသွားတုံးအောင်၊ လုပ်သားပြည်သူတွေ အကွဲကွဲ အပြားပြား ဖြစ်အောင် လုပ်တတ်ကြတယ်။ မြေရှင်အရင်းရှင် လူတန်းစားတွေဟာ တောင်သူလယ်သမားနှင့် အလုပ်သမား လူတန်းစားတွေထက် ပိုပြီး ပညာတတ်တယ်။ ငွေအားတောင့်တယ်။ ကျွမ်းကျင်မှုရှိတယ်။ အဆက်အသွယ်ကောင်းတယ်။ ဒါ့ကြောင့် တော်လှန်ရေးကို ဆင်နွှဲနေတဲ့ အချိန်ကာလမျိုးမှာ အလုပ်သမားနှင့် တောင်သူလယ်သမား လူတန်းစားတို့ဟာ သဘောထားကြီးနေလို့မဖြစ်ဖူး။သဘောထားကြီးကြီးနှင့် အတိုက်အခံ အပြိုင်အဆိုင်ကို ခွင့်ပြုတဲ့ ပါတီစုံစနစ်ကို လွတ်လပ်စွာ စည်းရုံးခွင့် စသည်တို့ကို ခွင့်ပြုလိုက်ရင် အဲဒါကို မြေရှင်အရင်းရှင်နှင့် သူတို့ဘက်သားတို့က အခွင့်ကောင်းယူသွားမှာဘဲ။ အပေါ်စီး ရသွားမှာဘဲ။ တော်လှန်ရေးကို ဖျက်ရန် သူခိုးကို ဓားရိုးကမ်းသလို ဖြစ်သွားမှာဘဲ။

ဆိုရှယ်လစ် ဒီမိုကရေစီကတော့ အလုပ်သမား၊ တောင်သူလယ်သမားနှင့် အခြားသောလုပ်သားပြည်သူတွေကို ဒီမိုကရေစီအခွင့်အရေးပေးတယ်။ အစတုံး ဖြိုဖျက်ရမည့် မြေရှင်၊ အရင်းရှင် လူတန်းစားများကို ဒီမိုကရေစီအခွင့်အရေးမပေးဘူး။ လွတ်လပ်စွာ စည်းရုံးခွင့်ဟာ လုပ်သားပြည်သူတွေ အတွက်သာ ဖြစ်တယ်။ ခေါင်းပုံဖြတ် သွေးစုတ်သော မြေရှင်၊အရင်းရှင်လူတန်းစားများအတွက် လွတ်လပ်စွာ စည်းရုံးခွင့် မရှိဘူး။ သူတို့ကို အတိုက်အခံ၊ အပြိုင်အဆိုင် လုပ်ပိုင်ခွင့် မပေးဘူး။တော်လှန်ရေး လုပ်နေတဲ့ အချိန်မှာ တော်လှန်ရေးရဲ့ စစ်ဦးစီးဌာနချုပ်ဟာ တလုံးတခဲ တမိန့်တည်းပေးနိုင်ရမယ်။ တော်လှန်ရေး ခေါင်းဆောင်မှု(ဝါ)ခေါင်းဆောင်ပါတီဟာ တသား တသွေးတည်း စည်းလုံးညီညွတ်ရမယ်။ ဒါမှ လုပ်သားပြည်သူ တည်းဟူသော တော်လှန်ရေးတပ်ကြီးကို အောင်မြင်သည်အထိ ခေါ်ဆောင်သွားနိုင်မယ်။

ဆိုရှယ်လစ် တော်လှန်ရေး အောင်မြင်သွားတဲ့ မြေရှင်၊အရင်းရှင် စနစ်ကို ဖြိုဖျက်နိုင်ပြီး ဆိုရှယ်လစ်စနစ် ထူထောင်အောင်မြင်နေတဲ့ နိုင်ငံတိုင်းဟာ ဆိုရှယ်လစ်ဒီမိုကရေစီကို ကျင့်သုံးနေကြတယ်။ ဆိုရှယ်လစ်ဒီမိုကရေစီဟာ လုပ်သားပြည်သူတို့က တော်လှန်ရေးမှာ မကိုင်မဖြစ်တဲ့ လက်နက်ဖြစ်ပါတယ်။

ဆိုရှယ်လစ်ဒီမိုကရေစီဟာ အတိုက်အခံ အပြိုင်အဆိုင်ကို ခွင့်ပြုသော ပါတီစုံစနစ်ကို ဆန့်ကျင်တယ်။ တော်လှန်ရေးရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ပါတီကို အတိုက်အခံ လုပ်ခွင့် မပေးဘူး။ ခေါင်းဆောင်မှု စင်ပြိုင်ထူထောင်ခွင့် မပေးဘူး။ အခြား ပါတီ

အဖွဲ့အစည်းတွေရှိဦးတော့၊ သူတို့ဟာ လုပ်သားပြည်သူကို စင်ပြိုင် ခေါင်းဆောင်နေကြတာ မဟုတ်ဖူး။ တော်လှန်ရေး ပါတီရဲ့ ခေါင်းဆောင်မှုကို ခံယူပြီး ညီညွတ်စည်းလုံးစွာ တော်လှန်ရေးကြီးကို ဆင်နွှဲကြတယ်။ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ညီညွတ်ရေးတပ်ပေါင်းစုကြီးကို တည်ဆောက်ကြတယ်။

မြန်မာနိုင်ငံရေးသမိုင်းကို ပြန်ကြည့်ရင် ပါလီမန်ဒီမိုကရေစီနှင့် ပါတီစုံစနစ်တို့ဟာ ဘယ်ရွှေ့ဘယ်မျှ မကောင်းကျိုးပေးခဲ့ကြောင်း ထင်ရှားတယ်။ အဆိုးဆုံး ကတော့ တောင်သူလယ်သမားနှင့် အလုပ်သမားလူတန်းစားများကို ဖြိုခွဲခြင်းနှင့် အမျိုးသားညီညွတ်ရေးကို ဖျက်ဆီးခြင်းဖြစ်ပါတယ်။ကိုယ့်ပါတီ ကိုယ့်အဖွဲ့အစည်း အားကောင်းရေး၊မဲရရှိရေးစတဲ့ ရည်ရွယ်ချက်များကိုသာ ရှေ့တန်းတင်ပြီး ပါတီအမျိုးမျိုး၊ လူထု လူတန်းစားအဖွဲ့အစည်းအမျိုးမျိုးကို ဖွဲ့စည်းခဲ့ကြတယ်။ လုပ်သားပြည်သူများကြားမှာ အကြီးဆုံးသော ပဋိပက္ခများ ဖြစ်ပေါ် စေခဲ့တယ်။

တော်လှန်ရေးကောင်စီဟာ ကိုယ့်နိုင်ငံရေးသမိုင်းမှ မှန်ကန်သော သင်ခန်းစာများကို ထုတ်ယူတယ်။ လုပ်သားပြည်သူတွေရဲ့ ညီညွတ်ရေးကို မရ ရအောင် ယူမယ်ဆိုပြီး နည်းအမျိုးမျိုးနှင့် ကြိုးစားအားထုတ်နေတယ်။ တောင်သူလယ်သမားနှင့် အလုပ်သမား လူတန်းစားများပေါ်မှာ လုံး၀ အခြေခံထားတဲ့ ဆိုရှယ်လစ်အင်အားစု၊ တိုးတက်သော အင်အားစုနှင့် နယ်ချဲ့ ပဒေသရာဇ် ဆန့်ကျင်ရေး အင်အားစုအားလုံး တညီ တညွတ်တည်း လက်ခံနိုင်လောက်တဲ့ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ကို ချမှတ်ခဲ့တယ်။ ထိုလမ်းစဉ်အတိုင်း ဆိုရှယ်လစ် ခေတ်ပြောင်း တော်လှန်

ရေးကို ဆင်နွှဲရာမှာ ခေါင်းဆောင်ရန် ပါတီတရပ်ကို ထူထောင်နေတယ်။ လူထုလူတန်းစား အဖွဲ့အစည်းများကို ဖွဲ့စည်းနေတယ်။

ပါတီအဖွဲ့အစည်းဟောင်းများနှင့် ပူးပေါင်း ဆောင်ရွက်လာရန် စေ့စပ် ဆွေးနွေးခဲ့တယ်။ ၎င်းနောက် အမျိုးသား ညီညွတ်ရေးကို ကာကွယ်ထိန်းသိမ်းရန် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် ပါတီခေါင်းဆောင်သော အဖွဲ့အစည်းများမှ တပါးအခြားပါတီ အဖွဲ့အစည်းများကို ဖျက်သိမ်း ပစ်လိုက်တယ်။ ပါတီ အဖွဲ့အစည်းဟောင်းများမှ ပါနိုင်သမျှသော နိုင်ငံရေးသမားများကို သိမ်းသွင်းလျက်ရှိတယ်။ တခုတည်းသော ခေါင်းဆောင်ပါတီနှင့် လူထု လူတန်းစား အဖွဲ့အစည်းများရဲ့ ညီညွတ်ရေး တပ်ပေါင်းစုဆီသို့ ချီတက်နေတယ်။

အတိုက်အခံ အပြိုင်အဆိုင်လုပ်ရန် အခြားပါတီများကို ခွင့်မပြုရုံဖြင့် ဆိုရှယ်လစ် ဒီမိုကရေစီမှာ ပြည်သူ့ လွတ်လပ်ခွင့်များမရှိ မဟုတ်ဖူး။ တကယ်တော့ ခေါင်းဆောင် ပါတီအတွင်းမှာ ပါတီတွင်း ဒီမိုကရေစီ ဖြစ်မြောက်အောင်၊ လူထု လူတန်းစား အဖွဲ့အစည်းတွေထဲမှာ အဖွဲ့တွင်း ဒီမိုကရေစီ ဖြစ်မြောက်အောင်၊ အလုပ်သမား၊ တောင်သူလယ်သမားနှင့် လုပ်သား ပြည်သူတို့ကြားမှာ ဒီမိုကရေစီဘဝ ထွန်းကားအောင် လေ့ကျင့် ပညာပေးလျက်ရှိတယ်။ လူထုထံမှ လူထုထံသို့ ဒီမိုကရေစီ အခြေခံသောဗဟို ဦးစီးချုပ်ကိုင်မှု၊ စုပေါင်း ခေါင်းဆောင်မှု၊ ဝေဖန်ရေးနှင့်ကိုယ့်ကိုယ်ကို ဝေဖန်ရေးစတဲ့ ဆိုရှယ်လစ် ဒီမိုကရေစီ မူတရားများကို စတင်ကျင့်သုံးနေကြပြီး ဖြစ်တယ်။လုပ်သားပြည်သူတွေ

အနေနှင့် ပြောရရင် ဆိုရှယ်လစ် ဒီမိုကရေစီကို စတင် ကျင့်သုံးလာကြတဲ့ ယခုအချိန်မှာ ယခင်ပါလီမန် ဒီမိုကရေစီ ချိန်ခါတုန်းကထက် များစွာပိုမို အထက်တန်းကျတဲ့ ဒီမိုကရေစီ အခွင့်အရေးများကို ရရှိနေကြပါကြောင်းဗျာ။

ခြေလေးချောင်းထောက် စီးပွားရေးစနစ်

ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့မှ ၂၁ ဦး (ဦးနုမပါ) က တင်သွင်းတဲ့ အစီရင်ခံစာ စီးပွားရေးခန်းမှာ ရည်ရွယ်ချက်ကို ဒီလိုဖော်ပြထားတယ်။

"မြန်မာနိုင်ငံသည် အမြန်ဆုံး အချိန်အတွင်းတွင် ကမ္ဘာနှင့်ရင်ပေါင်တန်းလိုက်နိုင်စေမည့် စက်မှု လက်မှုနိုင်ငံတခု ဖြစ်လာစေရန်လည်းကောင်း၊ လက်ရှိအခြေအနေ၌ စားကုန် သောက်ကုန်အစရှိသော လူသုံးပစ္စည်းများ ရှားပါး၍ ကုန်ဈေးနှုန်းများ အဆမတန် တိုးတက်နေခြင်းကိုလည်းကောင်း ဖြေရှင်းနိုင်ရန်အတွက် အစိုးရသည် စက်မှု ထွန်းကားရေးနှင့် စားသုံးကုန်ပစ္စည်း ပေါများရေးတို့ကို ထိပ်တန်း ဦးစားပေး၍ ဆောင်ရွက်သင့်ပါသည်"

ဒီရည်ရွယ်ချက်ကို ငြင်းပယ်မယ့် လူတော့ ရှိမှာမဟုတ်ပါဘူး။ တော်လှန်ရေး အစိုးရဟာလဲ စက်မှု ထွန်းကားရေးနှင့် စားသုံးကုန်ပစ္စည်း ပေါများရေးကို ရည်စူးပြီး လုပ်နေတာပါဘဲ။

၂၁ ဦးတို့က ထိုရည်ရွယ်ချက်ဖြစ်မြောက်အောင် ခြေလေးချောင်းထောက် စီးပွားရေးစနစ် (Mixed Economy) ကို

ပြဌာန်းသင့်တယ်လို့ ဆိုထားပါတယ်။(Mixed Economy)ဟာ ပြည်သူပိုင် ဆိုရှယ်လစ် ကဏ္ဍနှင့် ပုဂ္ဂလိက အရင်းရှင်ကဏ္ဍ ပူးတွဲတည်နေတဲ့ စီးပွားရေးစနစ် ဖြစ်ပါတယ်။ သူတို့က ခြေလေးချောင်းထောက် စီးပွားရေးစနစ်လို့ ဘာသာပြန်ထားကြတယ်။

"ခြေလေးချောင်းထောက် စီးပွားရေး စနစ်ဆိုသည်မှာ-

(၁) အစိုးရကသာ တာဝန်ယူသည့် ကဏ္ဍ။

(၂) သမဝါယမ အသင်းအဖွဲ့များကသာ တာဝန်ယူသည့် ကဏ္ဍ။

(၃) (ကက) နိုင်ငံတော် အစိုးရနှင့် သမဝါယမ။
(ခခ) နိုင်ငံတော် အစိုးရနှင့် ပုဂ္ဂလိက။
(ဂဂ) သမဝါယမနှင့် ပုဂ္ဂလိကတို့ ဖက်စပ်လုပ်ကိုင်သည့် ကဏ္ဍ။

(၄) ပုဂ္ဂလိက ကဏ္ဍများဖြစ်ပါသည်"

ယနေ့ စပ်ကူးမပ်ကူးကာလ အခြေအနေများအရ တော်လှန်ရေး အစိုးရက ကျင့်သုံးနေတာလဲ ခြေလေးချောင်းထောက် စီးပွားရေးစနစ် ဖြစ်ပါတယ်။ သို့သော် ဖက်စပ် ကဏ္ဍမှာတော့ ၂၁ ဦးနှင့် ကွာခြားမယ်ထင်တယ်။ ၂၁ ဦးတို့ ထောက်ခံတင်ပြနေတဲ့ ဖက်စပ်ကတော့ အစိုးရနှင့် သမဝါယမ၊ အစိုးရနှင့် ပုဂ္ဂလိက၊ သမဝါယမနှင့် ပုဂ္ဂလိကတို့ဟာ အရင်းအနှီးပါ ဖက်စပ်လုပ်တဲ့ အမျိုးအစားဖြစ်လိမ့်မယ်ထင်တယ်။ တော်လှန်ရေးအစိုးရဟာ အရင်းအနှီးပါ ဖက်စပ်လုပ်နေတယ်လို့ မတွေ့မိဘူး။

ကုန်ကြမ်းပေး ကုန်ချောယူနည်းဖြင့်လည်းကောင်း၊ ကြီးကြပ်ကော်မီတီများ ဝင်ခြင်းဖြင့်လည်းကောင်း ဖက်စပ်သဘော လုပ်နေကြတာသာ တွေ့ရပါတယ်။

ကျွန်တော့်သဘောပြောရရင် အရင်းအနှီးပါ ဖက်စပ်လုပ်လျှင်လဲ ကန့်ကွက်စရာရှိမယ် မထင်ပါဘူး။

၂၁ ဦးက အစိုးရတာဝန်ယူသည့်ကဏ္ဍ (ဝါ)ပြည်သူပိုင်ကဏ္ဍကို အောက်ပါအတိုင်းဖော်ပြထားတယ်။

"(၁) သော့ချက်ကုန်ထုတ်လုပ်မှု(Key sectors of production)

(၂) သော့ချက်ကုန်သွယ်မှု (Key sectors of trade and commerce)

(၃) သော့ချက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး(Key sectors of transport and communications)စသော သော့ချက်လုပ်ငန်းများ၌သာ အစိုးရအနေဖြင့် ဦးစီးလုပ်ဆောင်သင့်ပါသည်"

"အစိုးရက တာဝန်မယူသည့် ကျန်လုပ်ငန်းများကို

(၁) သမဝါယမ အသင်းအဖွဲ့။

(၂) အစိုးရနှင့် သမဝါယမ၊ အစိုးရနှင့်ပုဂ္ဂလိက၊ သမဝါယမနှင့် ပုဂ္ဂလိကများအား သင့်တော် သလို ဆောင်ရွက်သွားရန် လွှဲအပ် လုပ်ဆောင်စေသင့်သည်"။

မှုအားဖြင့် ဒါတွေဟာ ဒီလိုဘဲ လုပ်ဖြစ်သင့်ပါတယ်။ သို့သော် ၂၁ ဦးတို့ဟာ အစိုးရက တာဝန်ယူပြီး ဒါတွေ ဒါတွေကိုလုပ်၊ ကျန်ကဏ္ဍတွေက ကျန်တာတွေ လွတ်လပ်စွာ 'သင့်တော်သလို' လုပ်ကြပေတော့ဆိုပြီး ပေါင်မုန့် ဓားနှင့် လှီး

သလို တိုကနဲ ပိုင်းခြားလို့ ဖြစ်မယ်ထင်နေဟန်ရှိတယ်။ အစိုးရကို သော့ချက်လုပ်ငန်းကြီးတွေသာလုပ်ဖို့၊ ကျန်တာတွေကို ပြည်သူပိုင်မလုပ်ဖို့ ကန့်သတ်ထားရန် အကြံပြုနေကြတယ်။

တော်လှန်ရေးအစိုးရအနေနှင့် ဒီလို ကန့်သတ် ခံရခြင်းကို သဘောတူမယ် မထင်ဘူးဗျ။ ဘာ့ကြောင့်လဲဆိုတော့

သော့ချက်လုပ်ငန်းဆိုတာဟာ ယေဘုယျ သဘောတရားအားဖြင့် သတ်မှတ်လို့သာ လွယ်တာ။ လက်တွေ့ အသေးစိတ် သတ်မှတ်ပြီဆိုတော့ မလွယ်ဘူး။ မလွယ်သော်လဲ ယနေ့ အခြေအနေအရ ဤလုပ်ငန်း ဤလုပ်ငန်းတို့သည် သော့ချက်လုပ်ငန်းများဖြစ်သည်ဟု အသေးစိတ် သတ်မှတ်နိုင်ကြပြီ ဆိုပါတော့၊ သို့ပေမယ့် စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုဟာ တနေရာမှာ ရပ်နေတာမဟုတ်ဖူး။ ယနေ့သော့ချက်မဟုတ်သော လုပ်ငန်းဟာ မနက်ဖြန်သော့ချက်လုပ်ငန်းဖြစ်သွားတတ်တယ်။ နိုင်ငံကြီးများမှာ မနေ့တုန်းက ဓာတုဗေဒစက်မှုလုပ်ငန်းများဟာ သော့ချက်လုပ်ငန်းများမဟုတ်သေးဘူး။ ယနေ့သော့ချက်လုပ်ငန်းတွေ ဖြစ်လာကြတယ်။

နောက်တကြောင်း ရှိသေးတယ်။ပြည်သူပိုင်သိမ်းတဲ့အခါမှာ စီးပွားရေး အကြောင်းများကြောင့်ချည်း ပြည်သူပိုင် သိမ်းရတာ မဟုတ်ဖူး။ နိုင်ငံရေး၊ လူမှုရေးနှင့် အခြား အရေးပေါ် အကြောင်းများလဲ ရှိသေးတယ်။ အချို့စက်ရုံများမှာ ပိုင်ရှင်နှင့် အလုပ်သမား ပဋိပက္ခဖြစ်ပွားတယ်။ နည်းအမျိုးမျိုးနှင့်ဖြေရှင်းသော်လည်း မရဘူး။ အလုပ်သမားလူတန်းစားဘက်မှ လိုက်သော အစိုးရအဖို့ ပြည်သူပိုင်သိမ်းခြင်းမှတပါး အခြားဖြေရှင်းနည်းမရှိတော့ဘူး။ စက်ရုံကတော့ သော့ချက်လုပ်ငန်း ဟုတ်ချင်

မှ ဟုတ်မယ်။ နိုင်ငံခြားအရင်းအနှီးဆိုရင် ဘယ်နည်းနှင့်မှ လက်မခံနိုင်ဘူးလို့ ဆုံးဖြတ်ထားရင်လဲ လုပ်ငန်းတခုဟာ သော့ချက်ဖြစ်တာ မဖြစ်တာ ကြည့်မနေဘဲ ပြည်သူပိုင် သိမ်းရတယ်။ သတင်းစာတိုက်တွေ ပြည်သူပိုင်သိမ်းတာကတော့ လုပ်သားပြည်သူတွေကို ဆိုရှယ်လစ်ပညာပေးရေးမှာ အထူး အရေးကြီးတဲ့ ဝါဒဖြန့် ကရိယာများမို့ သိမ်းခြင်း ဖြစ်တယ်။

၂၁ ဦးတို့ဟာ တော်လှန်ရေးအစိုးရကို သော့ချက်လုပ်ငန်းတွေကိုသာ တာဝန်ယူလုပ်ဆောင်ရန်၊ ကျန်တာတွေကို သမဝါယမ၊ ဖက်စပ်နှင့် ပုဂ္ဂလိက ကဏ္ဍများအား လွတ်လပ်စွာ လုပ်ခွင့်ပေးရန် ကန့်သတ် တုပ်နှောင်ထားဘို့ အဆိုပြုကြရုံမက သေးဘူး။ ပြည်သူပိုင် စီးပွားရေးများအဖြစ် သိမ်းပိုက်ထားတဲ့ လုပ်ငန်းများကို “ကျွမ်းကျင်သောအဖွဲ့တခု ဖွဲ့စည်းလျက် ပြန်လည်စစ်ဆေးပြီး တိုင်းရင်းသားပိုင် လုပ်ငန်းများအနက်မှ ကင်းလွတ်ခွင့် ပြုသင့်သည်များကို ကင်းလွတ်ခွင့်ပြုရန်” တောင်းကြတယ်။

ပြည်သူပိုင်အစိုးရကဏ္ဍမှ ခြွင်းချန်ကင်းလွတ်ခွင့်ပြုထားသော စီးပွားရေးလုပ်ငန်းများကို အနည်းဆုံး ၁၅ နှစ်အတွင်း ပြည်သူပိုင်မသိမ်းပါဘူးလို့ ကတိပြုကျေညာပေးရန်လဲ တောင်းဆိုလိုက်သေးတယ်။

“အကူအညီ ရယူခြင်း”ဆိုတဲ့ ခေါင်းစဉ်နှင့် ၂၁ ဦးတို့က ဘယ်လို အရင်းအနှီး ရှာဖွေမယ် ဆိုတာကို အောက်ပါအတိုင်း ဖော်ပြထားတယ်။

"ပြည်သူပိုင်ကဏ္ဍ၊သမဝါယမကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍ သုံးမျိုးစလုံးအတွက် လိုအပ်သော အရင်းအနှီးများကို အောက်ပါအတိုင်း ရယူရန်။

(၁) ငွေကြေးအကူအညီ။

(၂) ကျွမ်းကျင်မှုအကူညီ။

(၃) စီးပွားရေးအကူအညီများကို နှောင်ကြိုးမရှိလျှင် ကုလသမဂ္ဂ အပါအဝင် မည်သည့်နိုင်ငံမှမဆို ကူညီမှုကိုရယူရန်။

(ဃ) စီးပွားရေး ပူးပေါင်း ဆောင်ရွက် လုပ်ကိုင်ခြင်း အကြီးစားနှင့် သော့ချက် စက်မှုလုပ်ငန်းကြီးများ (Heavy and Key industries)များကို ထူထောင်ရာ၌ နိုင်ငံပိုင်စီမံကိန်းလုပ်ငန်းကြီးများအဖြစ်ဖြင့် မည်သည့်နိုင်ငံနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန်"

အမြန်ဆုံး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကုန်ပစ္စည်းပေါများစွာထုတ်လုပ်ရေးအတွက် နိုင်ငံခြားများမှ နှောင်ကြိုးမဲ့ အကူအညီများ ယူရမယ်ဆိုတာကို ဘယ်သူမှ ငြင်းပယ်လိမ့်မယ် မဟုတ်ပါဘူး။ တော်လှန်ရေးအစိုးရလဲ ယူလျက်ရှိတယ်။

သို့သော် ၂၁ ဦးတို့က ပြတ်သားစွာ မဖော်ပြဘဲထားတာ နှစ်ချက်ရှိတယ်။

ပထမအချက်။ ။အခါက လိုအပ်သော အရင်းအနှီးများကို ကိုယ့်အားကိုယ်ကိုးပြီး ရှာဖွေမည်လား။ သို့မဟုတ် နိုင်ငံခြား အကူအညီကို အဓိကထားမည်လား။

ဒုတိယအချက်။ ။နိုင်ငံခြားအကူအညီယူရာမှာ နိုင်ငံခြားအစိုးရများကသော်လည်းကောင်း၊ နိုင်ငံခြား ပုဂ္ဂလိက အရင်းရှင်များက သော်လည်းကောင်း မြန်မာနိုင်ငံတွင်းသို့ အရင်းအနှီးများ ယူဆောင်လာပြီး မြှုပ်နှံခွင့်ပြုမည်၊ မပြုဘူး စသည်ဖြင့် ပွင့်လင်းစွာ ဖော်ပြမထားဘူး။

ဒီအချက်နှစ်ချက်ဟာ အလွန်အရေးကြီးပါတယ်။ အရေးကြီးတဲ့ အချက်နှစ်ရပ်ကို သူတို့အစီရင်ခံစာမှာ ၂၁ ဦးက ရှောင်ကွင်းလိုက်ခြင်းဟာ စဉ်းစားစရာ ဖြစ်နေပါတယ်။

သခင်လှ၊ သခင်ချစ်မောင်(ဝိမူရ)စတဲ့ ၁၁ ဦးက နိုင်ငံခြား အရင်းအနှီးမြှုပ်နှံခွင့်ကို မပြုသင့်ဘူးလို့ တင်ပြထားကြပါတယ်။ ပြည်တွင်း သယံဇာတသဘာဝပစ္စည်းများကို အခြေခံပြီး အရင်းအနှီး စုဆောင်း ရှာဖွေရန်လဲ တင်ပြထားကြပါတယ်။

တော်လှန်ရေးအစိုးရဟာ ဒီပြဿနာများမှာ လွန်စွာ ရှင်းလင်း ပြတ်သားခဲ့တယ်။ ကြာချင် ကြာစေ၊ ခက်ခဲချင် ခက်ခဲစေ ကိုယ့်အားကိုယ်ကိုးမှုကို ပဓာနထားတယ်။ ပြည်တွင်း သယံဇာတ ပစ္စည်းများကို မှီပြီးတော့ စိုက်ပျိုးရေး၊ သစ်တောရေး၊ သတ္တုတူးဖော်ရေး စသော ကဏ္ဍများမှ အရင်းအနှီး ရှာဖွေစုဆောင်းလျက် ရှိတယ်။ နိုင်ငံခြား အကူအညီ ယူခြင်းဟာ ကိုယ့်အရင်းအနှီးကိုယ် ရှာဖွေရာမှာ လွယ်ကူ ချောမောစေဘို့သာ ယူခြင်း ဖြစ်တယ်။ နိုင်ငံခြားအရင်းအနှီးကို လက်ခံခြင်း မဟုတ်ဖူး။ တော်လှန်ရေးအစိုးရဟာ မြန်မာနိုင်ငံသို့ လာရောက် မြှုပ်နှံထားကြတဲ့ နိုင်ငံခြား အရင်းအနှီးဟူသမျှကို(အားလုံးလိုလိုဘဲ) ပြည်သူပိုင်သိမ်းပြီးပြီ။နောက်ထပ်လဲ နိုင်ငံခြားအရင်းအနှီးမြှုပ်နှံ

မှုကို လုံးဝခွင့်မပြုတော့ဘူး။ အချိန်တန် ပြန်ဆပ်ရတဲ့၊ အတိုးလဲ မကြီးတဲ့ မြို့ရှင်ရဲ့ တဖက်သတ် စီးပိုးခြင်း မခံရတဲ့ ချေးငွေ အဖြစ်ဖြင့်သာ လက်ခံတော့တယ်။

အထက်မှာ ဆိုခဲ့တဲ့အတိုင်း ၂၁ ဦးတို့ဟာ အရေးကြီးတဲ့ အချက် ၂ ရပ်ကို သူတို့ အစီရင်ခံစာမှာ ရှောင်ကွင်းထားကြသော်လည်း သူတို့သဘောရင်းကိုတော့ ဖုံးမရပါဘူး။ သူတို့ဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အားကိုးခဲ့သူများဖြစ်တယ်။ နိုင်ငံခြားမှ အရင်းအနှီးများ ကောင်းစွာ ဝင်နိုင်အောင် ဆိုပြီး ထိုစဉ်က တည်ဆဲဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ပြင်ဆင်ခဲ့ကြတယ်။ သူတို့နှင့် သူတို့အသိုင်းအဝိုင်းများဟာ နိုင်ငံခြား ကုမ္ပဏီကြီးများနှင့် ဖက်စပ်လုပ်ရန် ယခုတိုင် စိတ်မကုန်ကြသေးသူများ ဖြစ်တယ်။ သူတို့အသိုင်းအဝိုင်းများ နိုင်ငံခြားကုမ္ပဏီကြီးများနှင့် လုပ်ခဲ့ကြတဲ့ ဖက်စပ်ဟာ သူတို့အရင်းအနှီးက နဲနဲ၊ နိုင်ငံခြား ကုမ္ပဏီများက အရင်းအနှီး များများ သို့မဟုတ် သူတို့က လုပ်စိုက်၊ နိုင်ငံခြားကုမ္ပဏီကြီးများက အရင်းအနှီးစိုက် လုပ်ကြတဲ့ ဖက်စပ်များ ဖြစ်ခဲ့ပါတယ်။

သူတို့ ထောက်ခံ တင်ပြကြတဲ့ ခြေလေးချောင်းထောက် စီးပွားရေးဧနစ်ဟာ တော်လှန်ရေးအစိုးရက စပ်ကူး မတ်ကူး ကာလအတွက် ချမှတ်လုပ်ကိုင်နေတဲ့ စီးပွားရေးစနစ်နှင့် တူသလိုလို ရှိသော်လည်း အကောင်အထည်ဖော်ရာမှာ ခြားနားမှုတွေ ရှိနေတယ်။

သူတို့ဟာ အစိုးရကဏ္ဍကို သော့ချက်လုပ်ငန်းများလို့ ပုံသေ သတ်မှတ်ထားသော နယ်ထဲမှာ ကန့်သတ်ထားလိုတယ်။ ကျန်တာတွေကို ပုဂ္ဂလိက ကဏ္ဍ လက်ထဲမှာ လွှတ်လပ်စွာ ထားချင်

တယ်။(သမဝါယမ က ဝင်ပြိုင်နိုင်တယ်လို့တော့ ဆိုပါတယ်။) သို့ကလို ပုဂ္ဂလိက လက်ထဲ ရိုးရိုးထားချင်ရုံမကသေးဘူး။ အနည်းဆုံး ၁၅ နှစ်အတွင်း ပြည်သူပိုင် မလုပ်ပါဘူးလို့ အစိုးရက ကတိပြုရဦးမယ်။ နောက်ပြီး အပိုဒ် ၃၈(င)က ဆိုထားသေးတယ်။

“ဤ ခြေလေးချောင်းထောက် စနစ်ကို လက်ခံ ကျင့်သုံးရာတွင် တိုင်းပြည်၏ စီးပွားရေး အခြေအနေ၊ လူနေမှု စနစ်၏ အခြေအနေများအရ ထိုစနစ်ကို ပြုပြင် ပြောင်းလဲရန် လိုအပ်သည်ဟု ပြည်သူလူထုက ဆန္ဒ ပြင်းပြ လာသည့်အခါတွင် ပြည်သူလူထု၏ ဆန္ဒအရအားဖြင့်သာ ပြောင်းလဲသွားရန်” တဲ့ဗျ။

အကြောင်းကြောင်းကို တွက်ကြည့်လိုက်ရင် သူတို့ဟာ လုပ်ငန်းများစွာကို ပုဂ္ဂလိက အရင်းရှင်များ လက်ထဲမှာ အချိန် အကန့်အသတ်မရှိ ထားချင်ကြောင်း ထင်ရှားတယ်။ သူတို့ဟာ အစိုးရကဏ္ဍကိုသာ ကန့်သတ်လိုပြီး နိုင်ငံခြား အရင်းရှင်ကြီးများပါအပါအဝင်ဖြစ်သော ပုဂ္ဂလိက အရင်းရှင်များကိုတော့ မည်သည့်ပုံသဏ္ဌာန်နှင့်မျှ ကန့်သတ်လိုဟန် မရှိပါဘူး။

ဆိုရှယ်လစ်စနစ်သို့ကူးပြောင်းရန် စပ်ကူးမတ်ကူး ကာလအတွက် ပြဋ္ဌာန်းဆောင်ရွက်ရတဲ့ ခြေလေးချောင်းထောက်စီးပွားရေး စနစ်မှာတော့ နိုင်ငံခြားအရင်းအနှီးကို လုံးဝ မြှုပ်နှံခွင့် မပြုဘူး။ ပြည်တွင်းပုဂ္ဂလိက အရင်းအနှီးကို ကာလ အားဖြင့်လည်းကောင်း၊ ပမာဏထုထယ်အားဖြင့်လည်းကောင်း ကန့်သတ်ချုပ်ချယ်ထားတယ်။ နိုင်ငံပိုင်(ဝါ)ပြည်သူပိုင်ကဏ္ဍနှင့် (ပြည်

သူပိုင် ပုံသဏ္ဍာန်တမျိုးပင်ဖြစ်သော) သမဝါယမကဏ္ဍများကို တိုးချဲ့သွားရန်နှင့် ပုဂ္ဂလိကကဏ္ဍကို တစတစကျုံ့သွားစေရန် အစီအစဉ်များ ရှိတယ်။

၂၁ ဦးတို့ဟာ ရေရှည်မှာလဲ ခြေလေးချောင်း ထောက် စီးပွားရေးစနစ်ကိုဘဲ ဖော်ပြထားတယ်။ တော်လှန်ရေးကောင်စီက ချမှတ်ပြဋ္ဌာန်းထားတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်မှာတော့ ရေရှည်အားဖြင့် ကုန်ထုတ်အရင်းအနှီးဟူသမျှဟာ ပြည်သူပိုင် ဖြစ်ရမယ်။ အရင်းရှင်စနစ်ကို အကြွင်းမဲ့ ဖျက်သိမ်းရမယ်၊ ဆိုရှယ်လစ်စနစ်ကို အပြည့်အဝ တည်ဆောက်ရမယ် စသည်ဖြင့် ဆိုထားတယ်။

ဒါ့ကြောင့် တော်လှန်ရေးအစိုးရ ကျင့်သုံးနေတဲ့ ခြေလေး ချောင်းထောက် စီးပွားရေးစနစ်က ဆိုရှယ်လစ် စနစ်ဆီသို့ ဦးတည်နေတယ်။ ၂၁ ဦးတို့ ထောက်ခံ တင်ပြတဲ့ ခြေလေး ချောင်းထောက် စီးပွားရေးစနစ်က ပုဂ္ဂလိကအရင်းရှင် စီးပွား ရေးစနစ်ကို ဦးတည်နေတယ်။

သို့ကလို ဦးတည်နေတဲ့အတိုင်း ဆိုရှယ်လစ်စနစ်ကို ရောက် အောင် အာမခံတဲ့အာဏာပိုင်မှုစနစ်(ဝါ)နိုင်ငံရေးစနစ်ကတော့ ဆိုရှယ်လစ်ဒီမိုကရေစီဖြစ်ပါတယ်။ သို့ကလို ဦးတည်နေတဲ့အတိုင်း ပုဂ္ဂလိက အရင်းရှင်စနစ်သို့ရောက်အောင် အာမခံတဲ့ အာဏာ ပိုင်မှုစနစ်(ဝါ)နိုင်ငံရေးစနစ်ကတော့ ဒီမိုကရေစီ ဆိုရှယ်လစ်လို့ ခေါ်တဲ့ ပါလီမန် ဒီမိုကရေစီလို့လဲခေါ်တဲ့ အရင်းရှင် ဒီမို ကရေစီဖြစ်ပါတယ်။ ဦးနုနှင့် ဒီမိုကရေစီ ဆိုရှယ်လစ် ၂၂ဦးတို့ ဟာ အရင်းရှင်အာဏာကို ထူထောင်ပြီး ပုဂ္ဂလိက အရင်းရှင် စီးပွားရေးစနစ်ဆီသို့ ဦးတည်နေတဲ့ ခြေလေးချောင်းထောက်

စီးပွားရေးစနစ်ကိုကျင့်သုံးကာ ပြည်သူပိုင်၊ သမဝါယမ စသည် များကို တစတစ အားနဲပြိုလဲစေပြီး ပုဂ္ဂလိက အရင်းရှင်စနစ်က တစတစ အားကောင်း ကြီးထွား။ 'နောက်ဆုံး' လုံးဝလွှမ်းမိုး သွားရန် အကြံပေးတင်ပြခဲ့ကြခြင်း ဖြစ်ကြောင်းပါဗျာ။

၁၁ ဦး၏ အစီရင်ခံစာ

နိုင်ငံရေးပုဂ္ဂိုလ် ၃၃ ဦးအနက်မှ သခင်လွင်၊ သခင်ချစ်မောင် (ဝိဓူရ)၊ သခင်လေးမောင် စတဲ့ ၁၁ဦးတို့ဟာ မြန်မာ့ ဆိုရှယ် လစ် လမ်းစဉ်ပါတီက စတင်ပြဋ္ဌာန်း သုံးစွဲနေတဲ့ ဆိုရှယ်လစ် ဒီမိုကရေစီ ဆောင်ပုဒ်ကို အတည်ပြု ထောက်ခံကြကြောင်း၊ ဒီနေရာမှာ ကျန် ၂၂ ဦးနှင့် လုံးဝ ခြားနားကြောင်း ကျွန် တော် တကြိမ်က ရှင်းလင်း ရေးသားခဲ့ပါတယ်။

ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့၏အစီရင်ခံစာ နိဒါန်း မှာပါတဲ့ သမိုင်းအမြင်ဟာ ၃၃ ဦးစလုံးရဲ့ သမိုင်းအမြင်လို ဖြစ်နေသော်လဲ ၁၁ ဦးက သီးသန့် တင်သွင်းသော အစီရင်ခံစာ အပိုင်းမှ ထောက်ခံအဆိုပြုချက်များကို သေသေချာချာ လေ့ လာကြည့်ရင် ၂၂ ဦးတို့ရဲ့သမိုင်းအမြင်နှင့် ၁၁ ဦးတို့ရဲ့သမိုင်း အမြင်တို့မှာ ကွဲပြား ခြားနားကြောင်း တွေ့ရမယ်။ ၁၁ ဦး တို့ဟာ မြန်မာနိုင်ငံရေးသမိုင်းမှာ တော်လှန်ရေးကောင်စီရဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုကြောင်း။ တကယ့်အရှိ တကယ့်အ ဖြစ်ကို ကြည့်မြင်နိုင်စွမ်းရှိကြောင်း။ တော်လှန်ရေးကောင်စီက နိုင်ငံတော် အစိုးရအာဏာကို သိမ်းပိုက်ခြင်းကို ထောက်ခံထား

ကြောင်း။ တော်လှန်ရေးအာဏာကို ဆက်လက် ထိန်းသိမ်းထားရုံမက တိုးတက်ကောင်းမွန်အောင် တူထောင်ပေးရန် စေတနာရှိကြောင်း သူတို့ရဲ့ သီးသန့်အစီရင်ခံစာမှာ ပေါ်လွင်ထင်ရှားနေတယ်။

၂၂ ဦးတို့ဟာ ဗိုလ်ချုပ်ကြီးနေဝင်းကို ဦးထိပ်ထက် ရွက်ဆင်နေကြသော်လဲ တော်လှန်ရေးကောင်စီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပြည်သူ့အလုပ်သမားကောင်စီ၊ ပြည်သူ့ တောင်သူလယ်သမားကောင်စီ စတဲ့ အဖွဲ့အစည်းများနှင့် ကင်းသော ဗိုလ်ချုပ်ကြီးနေဝင်းကိုသာ သူတို့ အသိအမှတ်ပြုကြခြင်းဖြစ်တယ်။ သူတို့ အစီရင်ခံစာမှာ ဒီအဖွဲ့အစည်းတွေနှင့် ပတ်သက်ပြီး ယောင်လို့တောင် မြွက်ဟဖော်ပြခြင်း မရှိကြဘူး။ ဒီနေရာမှာ ၁၁ ဦးတို့ဟာ ၂၂ ဦးတို့နှင့် မတူဘူး။ ဒီအဖွဲ့အစည်းတွေကို ဗိုလ်ချုပ်ကြီးနေဝင်းနှင့် အတူတကွ ဖော်ပြပြောဆိုကြရုံမက ထိုအဖွဲ့အစည်းများကို မန်တိုင်ပြုသော လုပ်သားပြည်သူတို့ရဲ့ ညီညွတ်ရေး၊ ထိုအဖွဲ့အစည်းများကိုမန်တိုင်ပြုသော ညီညွတ်ရေးတပ်ပေါင်းစု၊ ထိုအဖွဲ့အစည်းများကိုမန်တိုင်ပြုသော အမျိုးသားအစိုးရ စသည်ဖြင့် တူထောင်ရန် အဆိုပြုထားကြတယ်။

မျက်မှောက်နိုင်ငံရေးလောကကို ဓိဋ္ဌဓမ္မကျကျ ရှုမြင်သုံးသပ်ကြမယ်ဆိုရင် ထိုအဖွဲ့အစည်းတွေကို မဏ္ဍိုင်မထားဘဲနှင့် လုပ်သားပြည်သူတွေ မညီညွတ်နိုင်ဘူး။ ပြည်ထောင်စု မစည်းလုံးနိုင်ဘူး။ အမျိုးသား ညီညွတ်ရေးတပ်ပေါင်းစုတနပ် မပေါ်ပေါက်နိုင်ဘူး။ ကျယ်ပြန့်တဲ့၊ ခိုင်ခံ့တဲ့၊ စူးရှထက်မြက်တဲ့ တော်လှန်ရေးအာဏာတရပ် မဖြစ်နိုင်ဘူး။ ဒါကို ၁၁ ဦးတို့

ကောင်းကောင်းကြီး သဘောပေါက်ဟန်တူတယ်။ သို့ကလို သဘောပေါက်မှုကြောင့် ကျွန်တော်တို့ ဝမ်းသာရမယ်၊ သို့ကလို သဘောပေါက်ပြီး ထောက်ခံကြခြင်းကို ကျွန်တော်တို့ ကြိုဆိုရမယ်။

ကျန် ၂၂ ဦးပါ သို့ကလိုသဘောပေါက်ပြီး သို့ကလိုထောက်ခံခဲ့မယ်ဆိုရင် ကျွန်တော်တို့ ပိုပြီးဝမ်းသာရဦးမယ်။ ပိုပြီးကြိုဆိုရဦးမယ်။

၁၁ ဦးတို့က သူတို့ အစီရင်ခံစာ အပိုင်း ၂(ခ)မှာ အောက်ပါအတိုင်း ဖော်ပြထားတယ်။

"၄၃။ ပန်းတိုင်အားဖြင့် အလုပ်သမား၊ တောင်သူလယ်သမားများနှင့် အသိပညာရှင်၊ အတတ်ပညာရှင် စသော လုပ်သားပြည်သူများ၏ နိုင်ငံရေးအာဏာကို အခြေခံသော ဆိုရှယ်လစ် နိုင်ငံသစ်ကို တူထောင်ရန် ဖြစ်ပါသည်"

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ရေးဆွဲရေးနှင့် ပတ်သက်၍ လမ်းညွှန်မှုများဆိုတဲ့ခေါင်းစဉ်နှင့် အပိုဒ် ၉၇ (က)မှာ-

"ပြည်ထောင်စု မြန်မာနိုင်ငံသည် အလုပ်သမား၊ တောင်သူလယ်သမားတို့၏ မဟာမိတ် ဖွဲ့စည်းမှုအပေါ်တွင် အခြေခံသည့် လုပ်သားပြည်သူ အပေါင်းတို့၏ ဆိုရှယ်လစ် သမတ နိုင်ငံ ဖြစ်ရမည်"

အပိုင်း ၂ (ခ) အပိုဒ် ၄၅ မှာ-

"ဆိုရှယ်လစ် စီးပွားရေး စနစ်ကို အောင်မြင်စွာ တူထောင်နိုင်ရန်အတွက် ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံ

တော်ကို ဖွဲ့စည်းတည်ထောင်ရမည် ဖြစ်ပါသည်။ ဆိုရှယ်လစ်ဒီမိုကရေစီ နိုင်ငံတော်ဆိုသည်မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အခြေခံသော၊ ဆိုရှယ်လစ် စီးပွားရေး စနစ်ကိုလည်း ကာကွယ် စောင့်ရှောက်ရမည်ဖြစ်သော ဒီမိုကရေစီ နိုင်ငံတော်မျိုးဖြစ်သည်။ ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံတော်ကို ထိန်းသိမ်း ရွှေဆောင် သွားရမည့်သူများမှာ အဓိကအားဖြင့် အလုပ်သမားများနှင့် တောင်သူလယ်သမားများ ဖြစ်ကြ၍ လူလတ်တန်းစားများနှင့် အများကောင်းစားရေးကို တည်တည်ကြည်ကြည် သစ္စာရှိရှိ လုပ်ဆောင်ကြမည့် သူများလည်း ပါဝင်လက်တွဲလျက် ဆောင်ရွက်ကြမည် ဖြစ်ပါသည်”

“၄၇။ ဤပြည်ထောင်စု မြန်မာနိုင်ငံတွင်လည်း ပါလီမန်ဒီမိုကရေစီ လမ်းစဉ်ဖြင့် ဆိုရှယ်လစ်စနစ် ထူထောင်ရန် စမ်းသပ်၍ ကြိုးပမ်းခဲ့ကြသည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ ပါလီမန် ဒီမိုကရေစီသည် ဆိုရှယ်လစ် လုပ်ငန်းစဉ်ကို ထိရောက်အောင် မဆောင်ရွက် နိုင်သည့်အပြင် မြန်မာ့ပါလီမန် ဒီမိုကရေစီ ပျော့ကွက်များ၊ အလွဲသုံးစားမှုများနှင့် ပြည်သူ့ထင်မြင်ချက်၏ မရင့်ကျက်မှုများကြောင့် ဆိုရှယ်လစ် ပန်းတိုင်ကို မျက်ခြည်ပြတ်၍ ဆိုရှယ်လစ်လမ်းစဉ်မှ သွေဖည်ခြင်းများ ရှိလာကြသည်။နောက်ဆုံးတွင် ဆိုရှယ်လစ်စီးပွားရေး စနစ်၏ ဆန့်ကျင်ဘက် ဆီသို့ပင် ရောက်မှန်းမသိ ရောက်လာခဲ့သည့် ခြေလှမ်းများကို မြင်တွေ့ခဲ့ကြသည်”

၁၁ ဦးတို့ဟာ ပါလီမန် ဒီမိုကရေစီ (ဝါ)အရင်းရှင် ဒီမိုကရေစီကို ပြတ်သားစွာ စွန့်ပယ်လိုက်ကြပြီး ဆိုရှယ်လစ် ဒီမိုကရေစီကို လေးနက်စွာ ထောက်ခံ တင်ပြခဲ့ကြသည်။

ဒီကောက်နုတ်ချက်တွေကို ကြည့်မယ်ဆိုရင် ၁၁ ဦးတို့ဟာ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် ဘယ်လောက်နီးကပ်စွာ ဆိုက်ရောက် လာကြောင်း သိရှိနိုင်တယ်။

သူတို့ တင်ပြတဲ့ လောလောဆယ် လုပ်ငန်းစဉ်ဆိုတာကို လေ့လာတဲ့အခါမှာ အောက်ပါ အချက်ကို အထူးသတိပြုမိတယ်။

“၅၁။ လောလောဆယ် လုပ်ငန်းစဉ်ဆိုသည်မှာ ဆိုရှယ်လစ် တော်လှန်ရေးတရပ်၏ ပိုင်းခြားမြဲ ဖြစ်စဉ်အတိုင်း အသွင်ကူးပြောင်းရေးကာလ လုပ်ငန်းစဉ်ပင် ဖြစ်ပါသည်။ အသွင်ကူးပြောင်းရေး ကာလဆိုသည်မှာ ဆိုရှယ်လစ်စနစ်ကို အပြည့်အဝ စီမံကိန်းချ၍ ထူထောင်သွားရန်အတွက် လောလောဆယ်အားဖြင့် သက်ဆိုင်ရာ တိုင်းပြည်၏ ပကတိ အခြေအနေနှင့်လျော်ညီစွာ အရင်းရှင် မြေရှင်စနစ်ကို စနစ်တကျ စီမံကိန်းချ၍ဖျက်သိမ်းပြီး ဆိုရှယ်လစ်စနစ် ဦးတည်ချက်သို့ ပေါင်းကူး ပေးနေသောကာလဖြစ်ပါသည်”

“၅၂။ ထို့ကြောင့် လောလောဆယ် လုပ်ငန်းစဉ်သို့မဟုတ် ရေတို လုပ်ငန်းစဉ်မှာ တော်လှန်ရေးတရပ်နှင့် သီးခြား ကင်းလွတ်ရသော လုပ်ငန်းစဉ် မဟုတ်ဘဲ

တော်လှန်ရေး၏ အသွင် ကူးပြောင်းရေးကာလ လုပ်ငန်းစဉ်ပင် ဖြစ်ပါသည်”

၁၁ ဦးတို့ဟာ အသွင် ကူးပြောင်းရေးကာလ စပ်ကူး မတ်ကူးကာလ စသည်များကို ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးကြီးရဲ့ ခရီးတဆစ် အနေဖြင့် ကြည်လင်စွာ မြင်ကြတယ်။ တော်လှန်ရေးကြီးနှင့် အုတ်တတိုင်းခြားပြီး မကြည့်ကြဘူး။ ဒါ့ကြောင့် အသွင်ကူးပြောင်းရေး ကာလအတွက် ရေတို လုပ်ငန်းစဉ်(ဝါ)လောလောဆယ် လုပ်ငန်းစဉ်ကို တော်လှန်ရေးနှင့် သီးခြား ကင်းလွတ်ရသော လုပ်ငန်း မဟုတ်ဖူးလို့ ဆိုကြခြင်းဖြစ်တယ်။ ဒီအဆိုဟာမှန်တယ်။ ကျွန်တော်တို့ ကြိုဆို အတည်ပြုရမည့် အဆိုဖြစ်ပါတယ်။

အသွင်ကူးပြောင်းရေး ကာလအတွက် (ဝါ) စပ်ကူးမတ်ကူးကာလအတွက် ၁၁ ဦးတို့ကလဲဘဲ နိုင်ငံတော်အစိုးရ စီးပွားရေးကဏ္ဍ၊ သမဝါယမစီးပွားရေးကဏ္ဍ၊ ဖက်စပ်စီးပွားရေးကဏ္ဍနှင့် ပုဂ္ဂလိက တိုင်းရင်းသား အရင်းရှင် စီးပွားရေး ကဏ္ဍဆိုတဲ့ ခြေလေးချောင်းထောက် စီးပွားရေးစနစ်ကို ထောက်ခံတင်ပြထားကြတယ်။

သို့သော် ဒီမိုကရေစီ ဆိုရှယ်လစ် ၂၁ ဦးတို့ရဲ့ ခြေလေးချောင်းထောက် စီးပွားရေးစနစ်နှင့် မတူခြားနားတဲ့အချက်တွေရှိတယ်။ ပထမအချက်။ ။ခြေလေးချောင်းထောက်စီးပွားရေးစနစ်ကို ကာလအကန့်အသတ်မရှိ ထားရန်မရည်ရွယ်ဘူး။ ပြည်သူပိုင်ကဏ္ဍကို ကန့်သတ်ထားရန် မစီစဉ်မလျာထားရုံမက မြေရှင်အရင်းရှင်စနစ်ကို စနစ်တကျ အပြီးအပိုင်ဖျက်သိမ်းသွားရန်ပင် စီစဉ်လျာထားတယ်။

နိုင်ငံခြား ငွေပင်ငွေရင်းနှင့် ပတ်သက်လို့လဲ ၁၁ ဦး တို့က ပြတ်သားရှင်းလင်းတယ်။ နိုင်ငံခြား ငွေပင်ငွေရင်း မြှုပ်နှံသွေးစုတ်မှု(Foreign Investments)ကိုမူ လုံးဝလက်မခံရန် အကြံပေးထားကြတယ်။

တနည်းဆိုရင် ၁၁ ဦးတို့ရဲ့ ခြေလေးချောင်းထောက် စီးပွားရေးစနစ်နှင့်ပတ်သက်သောအဆိုပြုချက်များဟာ တော်လှန်ရေးအစိုးရက ချမှတ်ကျင့်သုံးနေတဲ့ စီးပွားရေးမူဝါဒများနှင့် ကိုက်ညီနေတယ်။

ပိုပြီးထင်ရှားအောင် သူတို့အစီရင်ခံစာမှ အချို့အပိုဒ်များကို ကောက်နုတ်ဖော်ပြပါရစေ။

“၅၅။ စီးပွားရေးခေါင်းစဉ်၊ အရင်းရှင် မြေရှင်စနစ် အပြီးအပိုင် ဖျက်သိမ်းရေးကို ဦးတည်၍ အောက်ပါ လောလောဆယ် အသွင် ကူးပြောင်းရေး ကာလ လုပ်ငန်းစဉ်များကို လုပ်ဆောင်ရန် အဆိုပြုပါသည်။

(က) မြေယာခန်းတွင်

(၁) “ထွန်ယက်နိုင်သူတိုင်း လယ်ယာကိုယ်စီ ဖူလုံစွာ ပိုင်ဆိုင်ခွင့်ရရှိရေး” မူအရ လယ်ယာမြေဝေငှရေးလုပ်ငန်းကြီးကို စနစ်တကျ စီမံကိန်းချ၍ ပြည်သူ့နည်းဖြင့် စတင်လုပ်ဆောင်ရန်။

(၂) တချိန်တည်းတွင်လဲ အနိမ့်ဆုံး အဆင့်ဖြစ်သော ယိုင်းပင်း ကူညီရေးအဖွဲ့နှင့် လယ်ယာကုန်ထုတ် သမဝါယမ အဖွဲ့အစည်းများမှ အမြင့်ဆုံး စုပေါင်းလယ်ယာ၊ နိုင်ငံတော်လယ်ယာအဆင့်ထိ တောင်သူလယ်သမားတို့

၏ ဘဝအတွေ့အကြုံနှင့် အသိဆန္ဒအရ တစတစ စည်းရုံး လုပ်ဆောင်သွားရန်”

စသည်တို့ဖြစ်တယ်။ နောက်ပြီးတော့ မြေရိုင်းများကို ယဉ်အောင်လုပ်ပြီး စုပေါင်းလယ်ယာ၊သမဝါယမ လယ်ယာ စသည်များ တည်ထောင်ရန် ခေတ်မီသိပ္ပံနည်းကျ၊ စက်ယန္တရား တပ်ဆင်သော စိုက်ပျိုးရေး၊ မွေးမြူရေးစနစ်သို့ ကူးပြောင်းရန် စသည်တို့ကို အကြံပေးထားတယ်။

“ထွန်ယက်နိုင်သူတိုင်း လယ်ယာကိုယ်စီ ဖူလုံစွာ ပိုင်ဆိုင်ခွင့်ရရှိရေး” ဆိုတဲ့ ပိုင်ဆိုင်ခွင့်ပြဿနာမှာ တော်လှန်ရေးအစိုးရရဲ့ မူဝါဒနှင့် ကွဲပြားနေတယ်။ သို့သော် အခြေခံ ကွဲပြားခြားနားမှု မဟုတ်ပါဘူး။ညှိလို့ရနိုင်တာတွေ ဖြစ်ပါတယ်။ ခြုံကြည့်လိုက်ရင်တော့ မြေယာပြဿနာနှင့်ပတ်သက်ပြီး သူတို့ အဆိုပြုနေတာတွေဟာ တော်လှန်ရေးအစိုးရ လုပ်နေတာတွေ ဖြစ်ပါတယ်။

“(ခ) ဆိုရှယ်လစ်စက်မှု ထူထောင်ရေးတွင်

၁။ နိုင်ငံခြားလက်ဝါးကြီးအုပ် အရင်းရှင်များ၊ နိုင်ငံခြားသား အရင်းရှင်များ၏ ဘဏ်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်ရေး လုပ်ငန်း စသည်တို့ကို ပြည်သူပိုင် လုပ်ခြင်း၌ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပိုမိုခိုင်မာလာစေရန် ×××

၃။ ပြည်သူပိုင် မသိမ်းရသေးသော ဆိုရှယ်လစ် လမ်းကြောင်းကို လက်ခံသော တိုင်းရင်းသား စက်မှုလုပ်ငန်းရှင် များအား အသုံးပြုခြင်း၊ ကန့်သတ်ခြင်း၊ ဘဝပြောင်းလဲ ခေါ်ဆောင်ခြင်း တည်းဟူသော မူသုံးချက်

ဖြင့် အဆင့်ဆင့် လက်တွဲခေါ်ဆောင်သွားရန်။ ဤသို့ဖြင့် အမျိုးသား ကုန်ထုတ်လုပ်ငန်းများ မကျဆင်းစေအောင် ကာကွယ်ရန်။

၄။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် ကူညီရေးကို××× မူ ၅ချက်အပေါ် အခြေခံ၍ ဘဝတူ ဆိုရှယ်လစ်နိုင်ငံများနှင့်လည်းကောင်း၊ အကျိုးတူ လွတ်လပ်ခါစ နိုင်ငံများနှင့် လည်းကောင်း၊ နိုင်ငံတကာများနှင့်လည်းကောင်း ဆက်ဆံ ဆောင်ရွက်ရန်။

(ဂ) လွတ်လပ်၍ အချုပ် အနှောင် ကင်းသော ငွေချေးမှု (Free Loan. Free Credit)နှင့် လွတ်လပ်သော အတတ်ပညာ အကူအညီယူမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို အထက်ပါ မူ ၅ ချက်အရသာ လက်ခံ၍ အကောင်အထည် ဖော်ရန်၊ တနိုင်ငံနှင့် တနိုင်ငံ စီးပွားရေး ကူညီထောက်ပံ့မှုများနှင့် ပတ်သက်၍လည်း သတ်မှတ်ထားသော အခြေခံ မူ ၅ ချက်နှင့်အညီ လက်ခံစဉ်းစား ဆောင်ရွက်ရန်။

× × × ×

× × × ×

(ဃ) ဆိုရှယ်လစ် စက်မှု ထူထောင်ရေး လုပ်ငန်းကြီးနှင့်ပတ်သက်၍ စိုက်ပျိုးရေးကို အခြေခံ၊ စက်မှုထူထောင်ရေးကို ဦးစားပေးဟူသော ကြွေးကြော်သံကြီးဖြင့်တမျိုးသားလုံး၏ စက်မှု အရေးတော်ပုံကြီး အဖြစ်အောက်ပါအတိုင်း လုံ့လဆော် ဆောင်ရွက်သွားရန်။

(က) ရေနံ၊ သတ္တု၊ လျှပ်စစ်၊ ဓာတုဗေဒ၊ စက်မှုပစ္စည်းကရိယာ ထုတ်လုပ်ရေးစသော အကြီးစား စက်မှုထူထောင်ရေးလုပ်ငန်းများကို နိုင်ငံပိုင် စီမံကိန်းလုပ်ငန်းများအဖြစ်ဖြင့် ဆောင်ရွက်ရန်။

(ခ) အလတ်စား စားသုံးကုန် စက်မှု လုပ်ငန်းထူထောင်ရေးကို အချို့ကို နိုင်ငံပိုင်ဖြစ်စေ၊ အချို့ကို သမဝါယမပိုင်ဖြစ်စေ၊ အချို့ကို နိုင်ငံတော်နှင့် သမဝါယမ၊ ပုဂ္ဂလိက ဖက်စပ်ဖြစ်စေ၊အမျိုးသား စီးပွားရေးစီမံကိန်းကို မထိခိုက်သော လုပ်ငန်းများကို အကန့်အသတ်ဖြင့် တိုင်းရင်းသား ပုဂ္ဂလိက လုပ်ငန်းအဖြစ်ဖြစ်စေ ဆောင်ရွက်ရန်။

× × × ×

× × × ×

(ဃ) အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း စနစ်တကျဖွံ့ဖြိုးရေးအတွက် လူသုံးနှင့် မြေယာ သစ်တောထွက် ကုန်ပစ္စည်းထုတ်လုပ်ရေး၊ လက်နက်ကရိယာ တန်ဆာပလာများ၊ ရက်ကန်းစင်၊ ရေစုတ်စက်၊ လျှပ်စစ် ဓာတ်အားပေးစက်(မော်တာ၊ ဒိုင်နမို)အစရှိသော အသေးစားစက်များ၊ စားသောက်ဖွယ် စည်သွတ် အစရှိသော ပစ္စည်းများကို သမဝါယမ စနစ်အရ အားပေးရန်။

ဝံသာနုရက္ခိတ၊ အမျိုးသား ယိုင်းပင်း ကူညီစောင့်ရှောက်ရေးအခြေခံပြု၍ တိုင်းရင်းဖြစ် ကုန်ပစ္စည်း ထုတ်လုပ်မှု သုံးစွဲမှုနှင့် နိုင်ငံခြားငွေ အထိုက်အလျောက် ရရှိ

မှုကို ရှေးရှု၍ အိမ်တွင်း လက်မှုစက်မှုလုပ်ငန်း စီမံကိန်းတရပ်ဖြင့် အကောင်အထည်ဖော်ရန်။

(ဂ) ကုန်သွယ်ရေးတွင်

(၁) နိုင်ငံခြားသွင်းကုန် ထုတ်ကုန် လုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူပိုင်လုပ်ငန်းအဖြစ် အခိုင်အမာ တိုးတက်ဖွံ့ဖြိုးစေရန်။

(၂) ပြည်တွင်းလက်ကားကုန်သွယ်ရေးနှင့် ပတ်သက်၍ နိုင်ငံခြား စားသုံးကုန်ပစ္စည်းများနှင့် လူထုတွင် အခြေခံလိုအပ်ချက် ဖြစ်ပြီး ပြည်တွင်းကုန်စျေးနှုန်းချယ်လှယ်ရာတွင် ထိရောက်သော ပြည်တွင်းဖြစ် ကုန်ပစ္စည်းအချို့အတွက် နိုင်ငံတော် လက်ကားကုန်သွယ်ရေး လုပ်ငန်းအဖြစ်လည်းကောင်း၊စားသုံးသူ သမဝါယမများ၏ လက်ကားကုန်သွယ်ရေး လုပ်ငန်း အဖြစ်လည်းကောင်း ဆောင်ရွက်ရန်။

(၃) ကျန်ကြွင်းသော ပြည်တွင်းဖြစ် စားသုံးကုန်ပစ္စည်းများနှင့်ပတ်သက်သော လက်ကား ကုန်သွယ်ရေးလုပ်ငန်းကို စားသုံးသူ သမဝါယမများ အဖြစ်လည်းကောင်း၊ တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းအဖြစ်လည်းကောင်း ဆောင်ရွက်စေရန်။

၄။ ပြည်တွင်း လက်လီကုန်သွယ်ရေး လုပ်ငန်းကို အရေးကြီးသော ကုန်ပစ္စည်းအချို့အား နိုင်ငံတော် စံပြ လက်လီဆိုင်များဖြင့်လည်းကောင်း၊ စားသုံးသူ သမဝါယမအသင်းဆိုင်များအား အထူးအလေးပေး၍လည်း ကောင်း၊ တိုင်းရင်းသား ပုဂ္ဂလိက လက်လီဆိုင်များဖြင့် လည်းကောင်း စနစ်တကျ ယှဉ်ပြိုင်လုပ်ကိုင်စေရန်”

အထက်ပါ ကောက်နှုတ်ချက်များကို လေ့လာကြည့်ရှုရင် ၁၁ ဦးတို့ရဲ့စီးပွားရေးရာ ထောက်ခံတင်ပြချက်များဟာ ဆိုရှယ် လစ်စနစ်ကို ရောက်အောင် ကြိုးစားချီတက်နေတဲ့ တော်လှန်ရေး ကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့ရဲ့ အခြေခံဝါဒ သဘောတရားများ၊ ရပ်တည်ချက်များ၊ မူဝါဒများ၊ လက်တွေ့ လုပ်ဆောင်မှုများ စသည်တို့နှင့် များစွာနီးကပ် အကျုံးဝင်နေ ကြောင်းပါဗျာ။

ကျော်ငြိမ်း (သိန်းဖေမြင့် ရေးသည်)

၁၉၄၀ တဝိုက် စစ်ကြီးကာလတွင် သူ့နိုင်ငံရေးသည် ပေါ် လိုက်၊ မှိန်လိုက်၊ ပျောက်သွားလိုက်။

၁၉၄၅ တဝိုက် စစ်တွင်းကာလတွင် သူ့နိုင်ငံရေးလှုပ်ရှားမှုသည် မှန်တိုင်းကျအံ့ကာလ ဆိတ်ငြိမ်သမယ။

၁၉၅၀ နှောက်ပိုင်း ဖဆပလ ခေတ်တွင် မြန်မာပြည်ကို သူ့လက်ဝါးပေါ်တင်၍

ဝိဇ္ဇာဓိုရ်မြဒါးရှင်လုံးကစားသလို ပြုနိုင်စွမ်းသော ဦးကျော်ငြိမ်း

* သူ့မျက်စိတွင် နိုင်ငံရေးသမားတို့၏ ဘဝသည်ရှင်း၊
* သူ့လက်ချောင်းများတွင် မြန်မာပြည်၏ ကံကြမ္မာသည်ရှင်း၊
* သူ့နှုတ်ဖျားတွင် ဆိုရှယ် ဒီမိုကရက်တစ်တို့၏ တေးပဥ္စင သည်ရှင်း

ရင့်ကြေးခဲ့ဘူး၏။ ကြုံကြိုက်ရဘူး၏။ အပ်နှံရဘူး၏။

သို့နှယ် နိုင်ငံရေး အရှိန်အဝါကြီးသော **ဦးကျော်ငြိမ်း** ကို သူနှင့် မျဉ်းပြိုင်ပါလာသော နိုင်ငံရေးသမား **ဦးသိန်းဖေမြင့်** က နိုင်ငံရေးရှုဒေါင့်မှ ချဉ်းကပ်တင်ပြထားသည်။

ရိုက်နေပြီ

ပုလော ရောင်ရုံ ပုံနှိပ်တိုက်
အမှတ် ၁/၃၊ ၉၄ လမ်း၊ ကျောက်တံတား
ရန်ကုန် (ဖုန်း-၀၄၁၁၀)